# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၅၀)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ၁၉–၁၁–၂၀၂၄၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ရောင်းချပေးသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်

စာမျက်နှာ ၂၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမ အပြင်ဘက်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၁၈

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း(၆၀) ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက် ၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

သမဝါယမစနစ်ဖြင့် စပေါင်းဝယ်ယူ၊ စပေါင်းလုပ်ကိုင်၊ စပေါင်းရောင်းချသည့် နည်းလမ်းများကို အသင်းအမှုဆောင်များ ဦးဆောင်ကာ မြေယာပြုပြင်ထွန်ယက်၍ အထွက်တိုး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ သွင်းအားစုများ ထည့်သွင်းခြင်းနှင့် သီးနှံအမျိုးအစားအလိုက် လုပ်ဆောင်ရမည့် အပိုင်းများကိုလည်း စနစ်တကျဆောင်ရွက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို အမြဲမပြတ် ထိတွေ့လုပ်ဆောင်ကြရန် မှာကြားလိုပါကြောင်း၊ မွေးမြူရေးဦးစီးဌာန ဝန်ထမ်းများ၊ သမဝါယမအသင်းစုချုပ်များနှင့် မြို့နယ်သမဝါယမအသင်းစုများက အသင်းများ စနစ်တကျဖွဲ့စည်းပေးခြင်း၊ မျက်ခြည်မပြတ် ကွင်းဆင်းကြီး ကြပ်ခြင်း၊ မျိုးကောင်းမျိုးသန့် သွင်းအားစုများ အမှန်တကယ် သုံးစွဲမှု ရှိ၊ မရှိ၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာ ဆောင်ရွက်မှု ရှိ၊ မရှိ၊ သီးနှံထွက်ရှိမှု၊ ရောင်းချမှုနှင့် တောင်သူလိုအပ်ချက်များကို အမြဲမပြတ် ကြီးကြပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သမဝါယမအသင်းအမှုဆောင်များအတွက် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါးရာသီတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ဘတ်ဂျက်ငွေနှင့် အသင်းပိုင်ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းရောက်ရှိအောင် လုပ်ဆောင်ရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ထွက်ရှိလာသည့်သီးနှံများကို တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း သမဝါယမအသင်းများက ဖြန့်ဖြူးရောင်းချခြင်းအပြင် ဈေးကွက်ဝယ်လိုအားရှိသော အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သမဝါယမအသင်းများက ဝယ်ယူဖြန့်ဖြူးရောင်းချပေးခြင်း၊ သက်ဆိုင်ရာကုမ္ပဏီများနှင့် ချိတ်ဆက်၍ ကာလပေါက်ဈေးဖြင့် ဝယ်ယူနိုင်ရေးတို့ကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါကြောင်း၊ အသင်းအမှုဆောင်များအနေဖြင့် သီးနှံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်များကို စနစ်တကျ မှတ်တမ်းထားရှိပြီး သီးနှံရောင်းရငွေမှ အမြတ်ရရှိသည့်အခါ သီးနှံတစ်ရာသီထွက်ရှိသည့်အခါတိုင်း အသင်းသားများသို့ ခွဲဝေပေးရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုကိစ္စအဝဝကို အသင်းသားများသို့ ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရန်လိုကြောင်း၊ သမဝါယမအသင်းပိုင်လယ်ယာမြေများကို တစ်ဦးချင်း သီးစားချဆောင်ရွက်ခြင်းမပြုလုပ်ဘဲ အသင်းပိုင်အနေဖြင့်သာ အသင်းကဦးဆောင်ပြီး လုပ်ကိုင်ဆောင်ရွက်ကြရန်၊ အသင်းပိုင်၊ အသင်းသားပိုင် လယ်ယာမြေများတွင် စိုက်ပျိုးသည့် နွေစပါး၊ မိုးစပါး၊ ဆီထွက်သီးနှံတို့အတွက် အထွက်တိုးစေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ အသင်းအချင်းချင်းပံ့ပိုးငွေရယူ၍ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများ နည်းစနစ်မှန်ကန်စွာ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန်အချက်များ၊ နေကြာသီးနှံအား ရှားမြေသြဇာသုံးစွဲ၍ စိုက်ပျိုးနည်းစနစ်များ၊ မိုးစပါး၊ ဝါ၊ နေကြာသီးနှံများအထွက်နှုန်းတိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ရရှိရေးအတွက် စနစ်တကျ ဆောင်ရွက်ရန်အချက်များ၊ သမဝါယမအသင်းစာရင်းဇယားများ စနစ်တကျရှိစေရန်နှင့် ဘဏ္ဍာငွေများ စနစ်တကျထိန်းသိမ်းတတ်စေရန်၊ စာရင်းရေးစာရင်းကိုင်နှင့် စာရင်းစစ်ဆေးခြင်းစသည့် သမဝါယမပညာရပ်များကို သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။



## အငြိမ်းစားဝန်ထမ်းများ လူမှုကူညီရေးအသင်းသား စုံညီအစည်းအဝေး ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အငြိမ်းစားဝန်ထမ်းများ လူမှုကူညီရေးအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အသင်းသား စုံညီအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကင်းသာယာရပ် ကွက်၊ ချမ်းမြေ့သာယာမွှော်ရုံ၌ ကျင်းပရာအသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အမှုဆောင်များ၊ အသင်းသားများစုံညီစွာ တက်ရောက်ကြသည်။

အစီအစဉ်အရ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းနာယက ဦးလှသော်က အသင်းကြီး၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြား၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှုဆောင်အစီရင်ခံစာကို ဦးကျော်လှဌေးကလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေစာရင်းရှင်းတမ်းကို ဦးကိုရီကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တက်ရောက်လာသူများ၏ အကြံပြုချက်များကို ဦးခင်မောင်အေးက ပြန်လည်ပြောကြားပြီး သဘာပတိ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အသင်းကြီးကို (၂၁-၁-၂၀၁၄)ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယနေ့အချိန်ထိ အသင်းသူ၊ အသင်းသား ၄၇၉ ဦးအထိ ရှိခဲ့သည်။ ပုသိမ်ကြီးမြို့နယ်အတွင်း၌ နေထိုင်ပြီး အစိုးရဝန်ထမ်းအငြိမ်းစားများဖြင့် ဖွဲ့စည်းသည့် အသင်းဖြစ်သည်။ အသင်းဝင်တစ်ဦးလျှင် လစဉ်ကြေး ကျပ်တစ်ထောင် ကောက်ခံ၍ အသင်းသားများ၏ ကျန်းမာရေးနှင့် နာရေးကိစ္စရပ်များ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

(၀၉၁)



## ပျော်ဘွယ်မြို့နယ်၊ စကြာကျေးရွာကုန်ထုတ်လမ်းပေါ်ရှိ ရေပြွန် ဖြစင်း တပ်ဆင်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် စကြာကျေးရွာ၌ ကုန်ထုတ်လမ်းပေါ်ရှိ ရေပြွန်(ဖြ)စင်း တင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးပြည့်စုံဦး၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက စကြာကျေးရွာကုန်ထုတ်လမ်းပေါ်ရှိ အကျယ် ၂ပေ၊ အမြင့် ၉ လက်မ၊ အရှည်၁၅၀ပေ၊ ရေပြွန် ၃စင်းနှင့် အကျယ်၃ပေ၊ အမြင့် ၉ လက်မ၊ အရှည်၃၅၀ပေ ၃ စင်း၊ စုစုပေါင်း ဖြစင်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်က ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ စကြာကျေးရွာကုန်ထုတ်လမ်းပေါ်ရှိ ရေပြွန် ဖြစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ် ၁၉ ဒသမ ၉၄၅သန်းဖြင့် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ နိုဝင်ဘာလ ပထမအပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀၀ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးပြည့်စုံဦးက ပြောပြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၄၀)

## (၁၂၇)ကြိမ်မြောက် သွေးလှူဒါန်း



**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး လုံခြုံရေးဌာနမှ တပ်ကြပ်မြင့်လွင်(လူမှုထူးချွန်ပထမဆင့်၊ ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာ အလှူရှင်)သည် နိုဝင်ဘာ ၁၈ ရက်က မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ဇီဝိတဒါနအဖြစ်(၁၂၇)ကြိမ်မြောက် သွေးလှူ ဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၈**

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေး (Oral Cholera Vavvine - OCV)တိုက်ကျွေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာဝင်းက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များနှင့် အကြံပြုချက်များ မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများကပြန်လည်ရှင်းလင်းဖြေကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးခြင်းအား မြို့နယ်အတွင်း ရပ်ကွက် ၂၀ ရှိ အသက်တစ်နှစ်အထက် ကလေး၊ လူကြီးအားလုံးကို နိုဝင်ဘာလ ၁၉ ရက်နေ့မှစတင်ကာ ၁၂ ရက်ကြာ တိုက်ကျွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၂)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၂၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုလေ့လာ

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော် ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာ များကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ကြောင်း၊ ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေ၊ မြန်မာကျပ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲအား နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့ဖွင့်ပွဲအခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင် ၄၅၀၀ ကျော်လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

**နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ကြောင်း၊ ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေ၊ မြန်မာကျပ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ စတင်ကျင်းပ



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

**စိတ်ကြိုက်လေ့လာကြည့်ရှု**

ဦးစွာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက် အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများနှင့် ကျောက်မျက် အတွဲများအတွက် ဈေးနှုန်း တင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် အုပ်စု(အေ၊ဘီ၊စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

**အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်**

ပုလဲအတွဲများကို နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် လည်းကောင်း၊ ကျောက်မျက် အတွဲများကို နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ အုပ်စု(အေ) နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ လည်းကောင်း၊ အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ယခုပြပွဲတွင် ပုလဲအတွဲနှင့် ကျောက်မျက်အတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့်အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့် လည်းကောင်း ပေးချေ ဝယ်ယူနိုင်မည်ဖြစ်သည်။





ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

**ပေးချေဝယ်ယူနိုင်မည်**

အုပ်စု(အေ)နှင့် အုပ်စု(ဘီ)တို့မှ ကျောက်စိမ်းအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိပြီး ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ အားလုံး ဝယ်ယူခွင့်ရှိကာ အုပ်စု (အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို ဝယ်ယူခွင့်ရရှိသည့် ပြည်ပ ရတနာကုန်သည်များ အနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များ အနေဖြင့် အုပ်စု (အေ)အတွက် နိုင်ငံခြားငွေနှင့် အုပ်စု(ဘီ) အတွက် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေ ဝယ်ယူနိုင်မည်ဖြစ်သည်။ အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများသည် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်းဖြစ်သည့်အတွက် ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းဈေးကို ကျပ်ငွေဖြင့် သတ်မှတ်ထားရှိကာ ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍနှင့် မြန်မာ့ပုလဲရတနာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေသည့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိပြီး ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်း – အောင်ရဲသွင်

ဓာတ်ပုံ – ကိုကိုထိန်



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

# Naypyitaw State Polytechnic University ဖွင့်လှစ်နိုင်ရေး သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Naypyitaw State Polytechnic University ကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့သည် ယနေ့နံနက်ပိုင်းတွင် Polytechnic University ဖွင့်လှစ်နိုင်ရေး သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ပြည်ထောင်စုဝန်ကြီးများသည် Naypyitaw State Polytechnic University ရှိ Theatre ခန်းများ၊ စာသင်ခန်းများ၊ ICT နည်းပညာများကို အသုံးပြု၍ LMS စနစ်ဖြင့် သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်မည့်အခြေအနေ၊ အလုပ်ရုံနှင့် ဘာသာရပ်ဌာနအလိုက် သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သံအမတ်ကြီး ဦးဇော်ဦး အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၉

အိန္ဒိယသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရော ပါဒီ မာမူ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

# ကနီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယားများ ဆောင်ရွက်ပေး

ယင်းမာပင် နိုဝင်ဘာ ၁၈

ကနီမြို့နယ်၏ အိမ်ထောင်စုဇယားဆောင်ရွက်ခြင်းလုပ်ငန်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားဆောင်ရွက်ခြင်းလုပ်ငန်း၊ EID ကွန်ပျူတာစနစ်လုပ်ငန်းများ၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကနီမြို့နယ်၏ လဝကလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ "ကျွန်တော့်အနေနဲ့ ကနီမြို့နယ်နဲ့ ယင်းမာပင်မြို့နယ်အတွက် ဆောင်ရွက်ပေးနေပါတယ်။ လာရောက်ဆောင်ရွက်တဲ့ ပြည်သူတွေကို မှတ်ပုံတင်လဲလှယ်ပေးတာ၊ အသစ်ထုတ်ပေးတာ၊ မှတ်ပုံတင်ပျောက်ဆုံး၊ ပျက်စီးသူတွေအတွက် ထပ်မံထုတ်ပေးတာ၊ အိမ်ထောင်စုဇယားတွေ ဆောင်ရွက်ပေးတာတွေကို ပြည်သူတွေ အခက်အခဲမရှိအောင်၊ အချိန်ကြန့်ကြာမှုတွေ မဖြစ်အောင် ဆောင်ရွက်ပေးနေပြီး နိုင်ငံတော်က သတ်မှတ်ထားတဲ့ အခကြေးငွေကိုသာ ပေးသွင်းစေခြင်းဖြစ်ပါတယ်" ဟု ယင်းမာပင်မြို့နယ်တာဝန်ခံဦးစီးမှူးက ပြောသည်။



မုံရွာမြို့တွင် ဖွင့်လှစ်ထားသည့် ကနီမြို့နယ် လဝက(ယာယီရုံး)တွင် မှတ်ပုံတင်အသစ် ပြုလုပ်ခြင်း၊ ပျောက်ဆုံးပျက်စီးသူများအတွက် ထပ်မံထုတ်ပေးခြင်း၊ အိမ်ထောင်စုဇယားများ ဆောင်ရွက်ပေးခြင်းကို ပြည်သူ ၆၀၀ ခန့်အထိ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

မစိုးစိုး

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## လူမှုစီးပွားမြင့်တင်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၇ / ၂၀၂၄)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

**လူမှုစီးပွားမြင့်တင်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ (၂၈)လမ်း (မြောက်ဘက်)၊ အောင်သာယာရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လူမှုစီးပွားမြင့်တင်ရေးပါတီ**ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လူမှုစီးပွားမြင့်တင်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ( ၅၄ ) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




## မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်ရောင်းချပေးမည်

နေပြည်တော် နိုဝင်ဘာ ၁၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အတည်ပြုရွေးချယ်ထားသည့် အမှတ်တံဆိပ် Logo အား အထူးထုတ်စာပို့တံဆိပ်ခေါင်းအဖြစ် (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်)(ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် နိုဝင်ဘာ ၂၁ ရက် (ကြာသပတေးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်

(၁၈-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၀-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈၅၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





**မန္တလေး နိုဝင်ဘာ ၁၈**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Grade 11 နှင့် Grade 12 ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပညာရေးဒီဂရီကောလိပ် ပညာတန်ဆောင်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူ၊ သင်တန်းသား ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံတော်တည်ဆောက်ရေးတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို သိရှိပြီး လေးစားလိုက်နာကျင့်သုံးရန် အရေးကြီးပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဥပဒေပညာရပ်များကို တက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိသကဲ့သို့ အခြေခံပညာအထက်တန်းကျောင်းများမှ Grade-11 နှင့် Grade-12 အတန်းများတွင် ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များ သိရှိနိုင်စေရန် ရည်ရွယ်၍ Grade-11 နှင့် Grade-12 ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (Training of Trainer)ကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပါကြောင်း၊ ဥပဒေကို သိရှိနားလည်လိုက်နာကျင့်သုံးခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းကာ အေးချမ်းသာယာသော လူမှုဘဝကို ရရှိကြမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူးက သင်တန်းဖြစ်ပေါ်လာစေရန် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များနှင့် သင်တန်းစည်းကမ်းချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် သင်တန်းကာလ ၁၀ ရက် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသားဆရာ၊ ဆရာမ ၃၅၀ ဦးကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်)**

## 2024 ခုနှစ် Asean-Hunan(Yongzhou) Famous and High-quality Products Trade Fair ကျင်းပပြုလုပ်မည်

**မန္တလေး နိုဝင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ်၊ ယုံကျိုးမြို့တွင် နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ Asean-Hunan (Yongzhou) Famous and High-quality Products Trade Fair ကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ယခုပြပွဲမှာ တရုတ်နိုင်ငံ အလယ်ပိုင်း၊ ဟူနန်ပြည်နယ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ပေးနိုင်ရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ကုန်စည်ပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ဟူနန်ပြည်နယ်တို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသစ်များကိုလည်း ရှာဖွေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများကို ဟူနန်ပြည်နယ်၏ ဈေးကွက်အခြေအနေကို သိရှိနားလည်ပြီး ဈေးကွက်ပိုမိုဝင်ရောက်နိုင်စေရန်၊ ဟူနန်စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန်အတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ပြပွဲတွင် မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းများကို ပါဝင်ပြသမည့် လုပ်ငန်းများအတွက် ၆၀ စတုရန်းမီတာ အကျယ်အဝန်းရှိသည့် ပြခန်းဆောင်တစ်ခုကို အခမဲ့စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ပါဝင်ပြသမည့် ကုမ္ပဏီတစ်ခုလျှင် လူနှစ်ဦးအတွက် ၃ညအိပ်၊ ၄ရက် တည်းခိုနေထိုင်စရိတ်၊ ဟိုတယ်မှ ပြပွဲနေရာသို့ သွားလာမှုများကို စီစဉ်ပေးသွားမည်ဖြစ်သည်။

ပြပွဲသို့ပြသမည့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ရ)**


### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း (၁)နာရီ လျှင် မိုင်(၃၀)၊ (၄၈)ကီလိုမီတာထက် ပို၍မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ (၁)နာရီ လျှင် မိုင်(၅၀)၊ ကီလိုမီတာ(၈၀)ထက် ပို၍မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**


## ရေတံခွန်တောင်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ဦးဇော်မင်းသည် အတူကစားဖော်များဖြစ်ကြသည့် ဦးဆမ်ဆွန်အောင်၊ ဦးအေးနိုင်၊ ဦးဝင်းမြင့်အောင်၊ ဦးမျိုးမင်းတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် (၁၅၅) ကိုက် ကွာဝေးသော ကျင်းအမှတ် (၈)သို့ ဂေါက်သီးအမျိုးအစား Titleist-6 ကို ဂေါက်တံအမျိုးအစား TSURWYA U-6 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

တစ်ချက်တည်း ကျင်းဝင်အောင်ရိုက်နိုင်ခဲ့သော ဦးဇော်မင်းအား SWEETY HOME ကုမ္ပဏီက ငွေကျပ်နှစ်သိန်းတန်ကူပွန်ဆု၊ Myanmar Casual Wear ကုမ္ပဏီက ဂေါက်အိတ်တစ်လုံးနှင့် ဝမ်းသာမြန်မာကုမ္ပဏီက ဆုငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကဆ)**

## အဝလွန်သော အသက်ကြီးသူများ ဗီတာမင်ဒီ မှီဝဲလျှင် သွေးတိုးကျစေမည်ဟု လေ့လာတွေ့ရှိ



အဝလွန်သော အသက်ကြီးသူများ ဗီတာမင်ဒီ မှီဝဲလျှင် သွေးတိုးကို ကျစေမည်ဟု လက်ဘနွန်နိုင်ငံမှ သုတေသီများ မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

လူပေါင်း ၂၂၁ ဦးကို အုပ်စုနှစ်စုခွဲပြီး ဗီတာမင်ဒီ သောက်သုံးစေကာ ဘေရွတ်မြို့တော်ရှိ အမေရိကန်တက္ကသိုလ်မှ ဂါဒါအယ်လ်တတ်ဂျ်ဖူလိုင်ဟာန် ဦးဆောင်သော သုတေသီများ သုတေသနပြုခဲ့ရာမှ ထိုသို့တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ယင်းသုတေသနတွင် ပါဝင်စမ်းသပ်ခံသူတစ်ဦးစီကို တစ်ရက်လျှင် ဗီတာမင်ဒီ ၆၀၀ အိုင်ယူတစ်နှစ်ကြာ သောက်စေခဲ့ရာ သွေးတိုးကျသည်ကို တွေ့ရှိခဲ့ကြောင်း ဂါဒါအယ်လ်တတ်ဂျ်ဖူလိုင်ဟာန်က ရှင်းပြသည်။

ဗီတာမင်ဒီနှင့် သွေးတိုးအကြား ဆက်နွယ်ပတ်သက်နေပုံအကြောင်းကို ဆက်လက်လေ့လာရဦးမည်ဖြစ်ကြောင်း သိရသည်။

SCI

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## အိန္ဒိယရုပ်ရှင် Aladdin တွင် မြန်မာ့အငွေ့အသက်များ ပါဝင်နေ

ဘောလိဝုဒ်ရုပ်ရှင် Aladdin ရိုက်ကူးရေးအတွက် ဒီဇိုင်းထုတ်လုပ်သူများက မြန်မာ့အငွေ့အသက်များကို သဘောကျ၍ ထည့်သွင်းရိုက်ကူးထားခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကားရိုက်ကူးရေးပြင်ဆင်ရာတွင် ဒီဇိုင်းထုတ်လုပ်သူများက အာရှမှမြန်မာ့နန်းတော်ကို မျက်စိကျခဲ့ကြပြီး မြန်မာနိုင်ငံသို့ လာရောက်လေ့လာကာ နန်းတော်၏ ကနုတ်များ၊ တံခါးများ၊ တိုင်လုံးများ စသည့်လိုချင်သည့်အရာများကိုသာ ထည့်သွင်းပြသခဲ့ကြသည်။

ယင်းအဖွဲ့ဝင်များက ပုဂံဘုရားများ၊ မန္တလေးဘုန်းကြီးကျောင်းများသို့ နှစ်ပတ်လာရောက်လေ့လာခဲ့ပြီး ရိုက်ကွင်းတွင် Production Design အဖြစ် တစ်မျိုး၊ Green Screen အနေဖြင့် တစ်ဖုံ ထည့်သွင်း၍ ရွှေကျွန်းသားနှင့် အာရှထည်ဝါမှုကို မြန်မာ့အငွေ့အသက်များ ထည့်သွင်း၍ ပြသထားသည်။






## The Book Of Eli စွမ်းအားကြီးသော စာအုပ်အကြောင်း ဖန်တီးတင်ဆက်ထား

ဟောလိဝုဒ်ရုပ်ရှင် The Book Of Eli မှာ စွမ်းအားကြီးသော စာအုပ်တစ်အုပ်အကြောင်း ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ကမ္ဘာမြေပျက်သုန်းပြီးနောက် နှစ်ပေါင်း ၃၀ကျော်အကြားတွင် တစ်ကိုယ်တော်သူရဲကောင်းတစ်ဦးက တောတောင်ရေမြေများကို ဖြတ်သန်း၍ လူသားတို့၏ အနာဂတ်ဖြစ်လာမည့်စာတစ်အုပ်ကို အသက်နှင့်ရင်း၍ သယ်ဆောင်လာခဲ့သည်။

ယင်းစာအုပ်ကို ကိုယ်ကျိုးအတွက် အသုံးချရန်တောင်းခံလာသည့်အခါ စွမ်းအားကြီးသည့် စာအုပ်ကြောင့် ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့လာရပုံကို ရိုက်ကူးတင်ဆက်ထားသည်။

အဓိကသရုပ်ဆောင်အဖြစ် မင်းသားကြီးဒင်ဇယ်ဝါရှင်တန်က အထူးပါဝင်ထား၍ ပရိသတ်သဘောကျခဲ့ပြီး အားပေးမှုမြင့်မားစွာ ရရှိထားသည်။

SKY

## Baby Monstar ဂျပန်ရက်ပ်ပါနှစ်ဦး၏ ဂီတသစ် Woke Up in Tokyo ထွက်ရှိလာ




ကေပေါ့ပ်ဘေဘီမွန်းစတားအဖွဲ့ဝင် ဂျပန်လူမျိုးရက်ပ်ပါအဆိုတော်နှစ်ဦး၏ ဂီတသစ် Woke Up in Tokyo ထွက်ရှိလာ၍ ဂျပန်ပရိသတ်အားပေးထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့တွင် ဂျပန်လူမျိုးအဓိကရက်ပ်ပါနှစ်ဦးဖြစ်သည့် အဖွဲ့ဝင်နှစ်ဦး၏ ဂီတသစ်ဖြစ်သည်ဟု ဝိုင်ဂျီအင်တာတိန်းမင့်က တရားဝင်ထုတ်ပြန်ကြေညာထားသည်။

ယင်းဂီတအယ်လ်ဘမ်သစ် Woke Up in Tokyo ကို ဂျပန်အဆိုတော်နှစ်ဦးလုံးက Lyricist အဖြစ်ပါဝင်၍ သီချင်းစာသားများ ရေးသားထားခြင်းမှာ ဂုဏ်ယူစရာဖြစ်ခဲ့ပြီး ဂျပန်သူနှစ်ဦး၏ဂီတကို ရင်ခုန်စွာခံစားရမည်ဖြစ်၍ ဂျပန်ပရိသတ်များကလည်း အားပေးထားကြသည်။

SKY

## ဩစတြေးလျသရုပ်ဆောင် Samara Weaving က Ready Or Not 2 တွင် ပါဝင်

ဩစတြေးလျ သရုပ်ဆောင် ဆာမာရာဝေးဗင်း၏ Ready Or Not မှာ ဝင်ငွေအရရော၊ အနုပညာအရပါ အောင်မြင်မှုများစွာ ရရှိခဲ့၍ အပိုင်းနှစ်ကို ဆက်လက်ရိုက်ကူးထားကြောင်း ဟောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင် အပိုင်းနှစ်ကို မူလဒါရိုက်တာ မတ်ဘက်တီနယ်လီနှင့် တိုင်ယာဂီလတ်တို့ ဆက်လက်ရိုက်ကူးထားပြီး ဇာတ်ညွှန်းကို ဂေးဆူဆစ်နှင့် အာရံခရစ္စတိုဟာမာပြူတို့ ဆက်လက်ရေးသားပေးထားကြသည်။



ယင်းဇာတ်ကားပထမပိုင်းတွင် မင်္ဂလာဦးည၌ သတို့သမီးတစ်ယောက်၏ သည်းထိတ်ရင်ဖိုဖြစ်စဉ်များကို ရိုက်ကူးတင်ပြထားကာ ဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာခြောက်သန်း အကုန်အကျခံထားပြီး ၃၇ သန်းကျော် ပြန်လည် ရရှိထားသည်။

ဒုတိယပိုင်းတွင် မင်းသားသာမာရာဝေမင်းနှင့် အတူပါဝင်သရုပ်ဆောင်မည့်သူများ မသိရသေးသော်လည်း Grace ဇာတ်ကောင်ကို ပြန်မြင်ရမည်ဖြစ်၍ ပရိသတ်စောင့်မျှော်နေကြသည်။

SKY

## 2NE1 နှင့် Black Pink က YG အတွက် အမြတ်များစွာရရှိခဲ့

၂၀၂၄ခုနှစ် ဝိုင်ဂျီအင်တာတိန်းမင့်၏ အမြတ်ငွေအများဆုံးကို တူးအင်န်အီးဝမ်းနှင့် ဘလက်ပင့်ခ် ဂီတအဖွဲ့များမှ ရရှိခဲ့သည်ဟု အမြတ်ခွန်ငွေဌာနစာရင်းအရ သိရှိရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝိုင်ဂျီအင်တာတိန်းမင့်၏ ၂၀၂၄ခုနှစ် အမြတ်အားလုံးပေါင်းသည် USD အရ သန်းသုံးဆယ်ကျော်ရှိပြီး အမြတ်၏ရှစ်ဆယ်ရာခိုင်နှုန်းကို ဘလက်ပင့်ခ်မှ ရရှိပြီး ၁၅ရာခိုင်နှုန်းကို လက်ရှိ တူးအင်န်အီးဝမ်းက ရရှိထားသည်။

ဘလက်ပင့်ခ်နှင့် တူးအင်န်အီးဝမ်းတို့၏ တစ်ကိုယ်တော်ဂီတလှုပ်ရှားမှုများမှ အမြတ်ငွေမှာမူ ဝိုင်ဂျီနှင့် စာချုပ်ချုပ်ဆိုထားခြင်း မရှိ၍ ဝိုင်ဂျီမှအမြတ်ငွေမရရှိခဲ့ပေ။ ဘစ်ဘန်နှင့် ဘေဘီမွန်းစတားမှ လေးရာခိုင်နှုန်းနှင့် ကျန်အနုပညာရှင်များမှ တစ်ရာခိုင်နှုန်းသာ ရရှိသည်ဟု ထုတ်ပြန်ထားသည်။

SKY



## A Virtuous Business တွင် Kim Soyeon နှင့် အမျိုးသမီးများ ပါဝင်ထား

တောင်ကိုရီးယား အနုပညာလောကမှ မင်းသားမပါဘဲ အမျိုးသမီးများနှင့်သာ ရိုက်ကူးထားသည့် ဒရမ်မာကားနှစ်ကား ၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာရာ ကင်ဆိုယွမ် အဓိကပါဝင်ထားသည့် A Virtuous Business ကားလည်း ပါဝင်ပြီး အောင်မြင်မှုရရှိထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ဇာတ်ကားတွင် အမျိုးသမီးများ၏ ဘဝရှင်သန်မှုကို ခြယ်မှုန်းထားပြီး ကင်ဆိုယွမ်နှင့် အမျိုးသမီးများသာ ပါဝင်ထားကာ ပရိသတ်အားပေးမှု ရရှိခဲ့သည်။

ကျန်ဇာတ်ကားမှာ Jeongnyeon; The Star Is Born ဖြစ်ပြီး ကင်တေးရီခေါင်းဆောင်၍ အမျိုးသမီးများဘဝအကြောင်း တင်ပြထားသည်။

SKY

## ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံ



**ဘရာဇီးလီးယား နိုဝင်ဘာ ၁၈**

ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် နိုဝင်ဘာ ၁၈ ရက်က ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ တွေ့ဆုံခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦးသည် ကမ္ဘာ့နိုင်ငံ ၂၀ အုပ်စု ထိပ်သီးညီလာခံ တက်ရောက်ရန် ဘရာဇီးနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

မိမိတို့နှစ်ဦး တွေ့ဆုံစဉ် ဗြိတိန်နှင့် တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် စီးပွားရေး၊ ကုန်သွယ်ရေးကိစ္စရပ်များအကြောင်း အကျဉ်းမျှ ပြောဆိုဆွေးနွေးခဲ့ကြောင်း ဆာကီယာစတာမာက ထုတ်ဖော်ပြောကြားသည်။

ပေကျင်း၌ဖြစ်စေ၊ လန်ဒန်၌ဖြစ်စေ သီးခြားတွေ့ဆုံကာ နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စ ထပ်မံဆွေးနွေးလိုကြောင်း ၄င်းက ကမ်းလှမ်းပြောဆိုခဲ့သည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီ တရုတ်နိုင်ငံသို့ သွားရောက်ကာ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ၊ တရုတ်ဒုတိယဝန်ကြီးချုပ် တင်းရွှယ်ရှိင်းတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှစ်ဦး တွေ့ဆုံခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Mon



အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မဏိပူရပြည်နယ် အင်ဖာအနောက်ဒေသ၌ မပြီးဆုံးသေးသော လူမျိုးရေးပဋိပက္ခကြောင့် ကားတစ်စင်း မီးရှို့ခံထားရသည်ကို နိုဝင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ချားလ်စ်ဘုရင် ပိုင်ဆိုင်သော ဝင်ဆာရဲတိုက်အတွင်းသို့ မျက်နှာဖုံးစွပ်ထားသူ နှစ်ဦး ဖောက်ထွင်းဝင်ရောက်

**လန်ဒန် နိုဝင်ဘာ ၁၈**

ဗြိတိန်တော်ဝင်မိသားစု အကြီးအကဲဖြစ်သူ ချားလ်စ်ဘုရင်ပိုင်ဆိုင်သော ဝင်ဆာရဲတိုက်အတွင်းသို့ မကြာသေးမီက မျက်နှာဖုံးစွပ်ထားသူ နှစ်ဦး ညပိုင်းတွင် ဖောက်ထွင်းဝင်ရောက်ခဲ့ကြောင်း ဆန်းသတင်းစာက ဖော်ပြသည်။

ထိုလူနှစ်ဦးသည် ခိုးလာသောကားဖြင့် ရဲတိုက်ခြံစည်းရိုးကို တိုက်လှဲပစ်ပြီးနောက် ခြံဝင်းထဲအထိ ကျူးကျော်ဝင်ရောက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ် ညပိုင်းတွင် ချားလ်စ်ဘုရင်နှင့် မိဖုရားကမီလာတို့ နှစ်ဦး အဆိုပါ ရဲတိုက်တွင် ရှိမနေခဲ့သော်လည်း ရဲတိုက်၏အဖီ တစ်ထပ်တိုက်တွင် မင်းသားဝီလျံနှင့် ၄င်း၏ မိသားစု ရှိနေခဲ့သည်။

အယ်လီဇဘက်ဘုရင်မကြီး သက်ရှိထင်ရှားရှိစဉ်က ၄င်းကို သတ်ဖြတ်ရန်ကြံစည်ဖူးသူ ၂၀၂၁ ခုနှစ်က ဝင်ဆာရဲတိုက်ထဲသို့ ဝင်ရန်ကြိုးစားခဲ့ရာ လက်ရဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

Mon





## အမေရိကန်-ဩစတြေးလျ ရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်ရေတပ်လည်း မဟာမိတ်ပွဲ့ ပူးပေါင်းပါဝင်မည်

**တိုကျို နိုဝင်ဘာ ၁၈**

အမေရိကန်-ဩစတြေးလျ ရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်ရေတပ်လည်း မဟာမိတ်ဖွဲ့ ပူပေါင်းပါဝင်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ရေတပ်က ဩစတြေးလျရေတပ်ကို လေ့ကျင့်သင်ကြားပေးရန် မူလက စီစဉ်ခဲ့ခြင်းဖြစ်ပြီး ထိုအစီအစဉ်တွင် ဂျပန်ရေတပ်က ပူပေါင်းပါဝင်လာခြင်း ဖြစ်သည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၂၀၀၀ ဩစတြေးလျမြောက်ပိုင်းတွင် စစ်အခြေစိုက်စခန်းများ ဖွင့်လှစ်ကာ သင်ကြားလေ့ကျင့်ပေးသွားမည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

Mon



## ကမ္ဘာကျော် ရုရှားအမျိုးသားကချေသည် ရှုကလျာရော့ဗ် အသက် ၃၉ နှစ်အရွယ်တွင် ရုတ်တရက် ကွယ်လွန်

**မော်စကို နိုဝင်ဘာ ၁၈**

ကမ္ဘာကျော် ရုရှားအမျိုးသား ကချေသည် ရှုကလျာရော့ဗ် အသက် ၃၉ နှစ်အရွယ်တွင် ယမန်နေ့က ရုတ်တရက် ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လေးထပ်တိုက်ပေါ်မှ ၄င်းအောက်သို့ ပြုတ်ကျပြီး သေဆုံးခဲ့သည်ဟု သိရသဖြင့် သက်ဆိုင်ရာ ရဲစုံထောက်များ စုံစမ်းစစ်ဆေးနေကြသည်။

ကချေသည် ရှုကလျာရော့ဗ်သည် ဗြိတိန်၊ အမေရိကန် ပြည်ထောင်စု အပါအဝင် ကမ္ဘာ့နိုင်ငံများသို့ သွားရောက်ကပြဖျော်ဖြေခဲ့ဖူးကြောင်း သိရသည်။

Mon

0-0-0-0-0

## ဂါဇာမြောက်ပိုင်းရှိ ၅ ထပ်တိုက်ကို အစ္စရေး တိုက်ခိုက် လူပေါင်း ၃၄ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဆို

**ဂျေရုဆလင် နိုဝင်ဘာ ၁၈**

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ လူနေ ၅ ထပ်တိုက်တစ်လုံးကို ပစ်မှတ်ထား၍ နိုဝင်ဘာ ၁၇ ရက်က အစ္စရေးတို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ရာ လူပေါင်း ၃၄ ဦးထက်မနည်း သေဆုံးကာ ခုနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်ကွဲတစ်ပြားစီ ဖြစ်နေသော ဟားမတ်စ်အုပ်စုဝင်များ ပြန်လည်စုစည်းနိုင်ခြင်းမရှိအောင် မိမိတို့ဘက်က ထိုသို့ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာ ပြောခွင့်ရသူက ရှင်းပြသည်။

အစ္စရေးဘက်က ဟားမတ်စ်တို့ကို ပစ်မှတ်ထားတိုက်ခိုက်နေသည်ဆိုသော်လည်း အရပ်သားအမျိုးသမီးများနှင့် ကလေးများ ဆက်တိုက်သေဆုံးနေရကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တစ်ပြိုင်နက်တည်းတွင် အစ္စရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင်ဒေသအလယ်ပိုင်းကိုလည်း လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0



STOP AIDS

## တန်ဇန်းနီးယားနိုင်ငံ ဒါရက်စလမ်မြို့တော် တစ်နေရာ၌ လေးထပ်တိုက်ပြိုကျမှု ဖြစ်ပွား၊ ပိတ်မိနေသူများရှိနေဆဲ

**ဒါရက်စလမ် နိုဝင်ဘာ ၁၈**

တန်ဇန်းနီးယားနိုင်ငံ ဒါရက်စလမ်မြို့တော်တစ်နေရာ၌ လူနေလေးထပ်တိုက် ပြိုကျမှု ဖြစ်ပွားရာ ပိတ်မိနေသူများရှိသဖြင့် နိုဝင်ဘာ ၁၈ ရက်နေ့အထိ ကယ်ဆယ်နေကြဆဲဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရပ်ကွက်ဈေးအနီးရှိ ယင်းလူနေလေးထပ်တိုက်ကြီး ပြိုကျသည့်နေရာသို့ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရောက်ရှိလာပြီး ကယ်ဆယ်ရေး စတင်လုပ်ဆောင်ခဲ့ကြသည်။

ကယ်ဆယ်ရေးသမားများက ဝန်ချီစက် အပါအဝင် စက်ယန္တရားများကို သုံး၍ ပြိုကျသောတိုက်၏ အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို မနားတမ်း ကယ်ထုတ်ခဲ့ကြသည်။

မြို့သူ၊ မြို့သားအချို့ အခင်းဖြစ်နေရာသို့ သွားရောက်ကာ ကယ်ဆယ်ရေးသမားများကို လိုအပ်သလို ဝိုင်းဝန်းကူညီပေးကြသည်။

လူ ၁၃ ဦး သေဆုံးစေခဲ့သော အဆိုပါ တိုက်ပြိုကျမှုတွင် ကယ်ဆယ်ရေးသမားများအနေဖြင့် လူပေါင်း ၈၄ ဦးကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

Mon



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များပေးဝေ



**စစ်ကိုင်း နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ အမှတ်(၁၀၆) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ တပ်ဖွဲ့စုမှူးဦးစီး၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်၊ မြို့မဈေးမီးပွိုင့်တွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများနှင့် အခြားယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအားနည်းသူများကို အရေးယူခြင်းမပြုဘဲ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများဆွေးနွေးပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

*-*-*-*-*

*-*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုင်ဝင်ဘာ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားအား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာကျေးရွာအုပ်စု၊ နဝဒေးတံတားစစ်ဆေးရေးဂိတ်၌ ပြည်မြို့မှ ပန်းတောင်းမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားမဝင် ရေနံစိမ်းအနှစ် ဂါလန် ၃၂၀၀နှင့် အဆိုပါရေနံစိမ်းများတင်ဆောင်လာ သည့် Nissan Diesel ဆီသယ်ယာဉ်တစ်စီးကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၆၁၂ တန်၊ သစ်မာ ၈ ဒသမ ၇၀၉ တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၅ မှုကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများနှင့် တရားမဝင် သယ်ဆောင်မှုများနှင့် တရားမဝင် သယ်မှုများကြောင့် ပြည်တွင်းဈေးမကွက်၌ ကုန်ဈေးနှုန်းတည်ငြိမ်မှုများ ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ အရည်အသွေးမပြည့်ဝသည့် ကုန်စည်များကြောင့် စားသုံးသူပြည်သူများအတွက် ထိခိုက်နစ်နာသူများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ တရားမဝင် ကုန်ပစ္စည်း တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**သရက် နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေးအသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)ဇော်ထက်(သရက်)

## ခြင်ဖမ်းစက်အားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊(၁၀၈-A)လမ်း၊ ၅၄လမ်းနှင့် ၅၅လမ်းကြား နေအိမ်တွင် အိပ်ခန်းအတွင်းခုတင်ပေါ်တွင် လျှပ်စစ်ခြင်ဖမ်းစက်အားသွင်းထားခဲ့ရာမှ အပူလွန်ကဲကာ မွေ့ရာသို့မီးကူးစက်ပြီး မီးလောင်မှု နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ငါးစီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ မိနစ် ၄၀တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် ၂၅ပေ နှင့် ပေ ၃၀ အိပ်ခန်းအတွင်းရှိ မွေ့ရာ၊ အဲယားကွန်း၊ အဝတ်အစားတို့ မီးလောင်ကာဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူအား အောင်ပင်လယ်နယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

(ယာပုံ)(၀၅၇)





## ရပ်ကွက်ကြီး(၈) ကွမ်းယာဆိုင်တွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ သိင်္ဂီလမ်းနှင့် ယုဇနလမ်းထောင့်ရှိ ကွမ်းယာအရောင်းဆိုင်တွင် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ ပြင်ဦးလွင်ခရိုင်မီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်နှင့်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် တစ်စီးတို့ဖြင့် ရပ်ကွက်နေပြည်သူများနှင့်အတူ မီးငြိမ်းသတ်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ကွမ်းယာအရောင်းဆိုင်မီးလောင်ကာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ မီးဟပ်ဒဏ်ရာများရရှိခဲ့သဖြင့် လူမှုကူညီရေးအသင်းယာဉ်ဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာမီးလောင်သည့်အကြောင်းအရင်း၊ ဆုံးရှုံးမှုတန်ဖိုးများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)(၀၅၇)

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကျွာ လွှန်ချမ်းသာ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နိုဝင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Tin Htoo Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်နေ တင်ထူးအောင်အား ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် ပြည်သူ ၃၀ ကျော်ကို ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်သူများကို သေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့ရာ ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များ၊ လမ်းသွားလမ်းလာများကို ပေါ်တာဆွဲ ဖမ်းဆီးခြင်းများမရှိဘဲ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ စိုးရိမ်ထိတ်လန့်လာပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန် လှုံ့ဆော်ရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မြစ်ကြီးနားမြို့ ရန်ကြီးအောင်သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရှေရပ်ကွက်ရှိ ရန်ကြီးအောင်ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို မြစ်ကြီးနားမြို့ ရပ်ကွက်ခမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နိုင်နိုင်မော်က သမဝါယမလုပ်ငန်းများဆိုင်ရာနှင့် စပ်လျဉ်း၍ မှာကြားပြီး အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုပြီး အသင်းသားများအား ချီးမြှင့်ငွေကျပ် ၁၆၆၉၃၂၀၊ အစုပေါ်အမြတ်ငွေကျပ် ၂၂၂၅၇၆၀၊ တက်ရောက်လာသည့် အသင်းသားအသင်းသူ ၁၂၅ ဦးအတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၂၅၀၀၀ စုစုပေါင်းငွေကျပ် ၄၅၂၀၀၈၀ တို့ကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ အသင်းအမှုဆောင်သစ်ရွေးချယ်ခြင်းကို မြို့နယ်ဖွဲ့စည်းရေးကော်မတီအဖွဲ့က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့ကိုးဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြောင်းကူးတံတားတည်ဆောက်ရန် အလှူငွေလှူဒါန်း

မန္တလေး နိုဝင်ဘာ ၁၇

မန္တလေး၊ မဟာအောင်မြေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၏ ညွှန်ကြားမှုဖြင့် ရပ်ကွက်ပြည်သူများ အဆင်ပြေချောမွေ့စေရန်၊ ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် မြောင်းကူးတံတားများကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိရာ စတုတ္ထမြောက် တံတားအဖြစ် ၆၇Aလမ်းနှင့် ၄၇Aလမ်းထောင့်ရှိ အရှည်ပေ ၂၀၊ အကျယ် ၅ ပေ တံတားတည်ဆောက်ရန်အတွက် မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများက စုပေါင်း၍ ငွေကျပ်သိန်း ၂၀ ကို ယနေ့ မွန်းလွဲပိုင်းက မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် တာဝန်ရှိသူများက လှူဒါန်းရာ တံတား ဖြစ်မြောက်ရေးကော်မတီက လက်ခံရယူကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄ဝ)

# မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ ပထူးကွင်းတွင် ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ (က)အုပ်စုပွဲစဉ် ပြိုင်ပွဲကို မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်းတွင် ယနေ့ ညနေပိုင်းက ကျင်းပရာ အောင်မြေသာစံခရိုင်အသင်းက ညောင်ဦးခရိုင်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ပညာရေးနှင့် အား/ကာများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ နည်းပြဆရာများ၊ အားကစားသမားများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြပြီး (က)အုပ်စုတွင် အမရပူရခရိုင်၊ အောင်မြေသာစံခရိုင်၊ မိတ္ထီလာခရိုင်၊ ညောင်ဦးခရိုင်အသင်း၊ (ခ)အုပ်စုတွင် ရမည်းသင်းခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မဟာအောင်မြေခရိုင်နှင့် ကျောက်ဆည်ခရိုင်အသင်းတို့ အသီးသီးပါဝင်ကြကာ နံနက်ပွဲ၊ ညနေပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။

တင်မောင်(မန္တလေး)

ဝ-ဝ-ဝ-ဝ-ဝ



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့် စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင်အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

**တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း**
**ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ**
**သဏ္ဍာန်လှပ၊ ပန်းရလိမ့်။**



# နိုင်ငံတကာ အားကစား သတင်းများ

## မက်အတီးအား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စီစဉ်



**လန်ဒန် နိုဝင်ဘာ ၁၈**

ဝက်စ်ဟမ်းအသင်းသည် မန်ချက်စတာစီးတီးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် ကွင်းလယ်ကစားသမား မက်အတီးအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ဝက်စ်ဟမ်းအသင်းသည် လာမည့် ဈေးကွက်အတွင်းတွင် အသင်းမှ ကွင်းလယ်ကစားသမား ပါကွီတာအား ရောင်းချသွားမည်ဖြစ်သောကြောင့် ကွင်းလယ်ပိုင်း ဖြည့်တင်းရန်အတွက် မက်အတီးအား ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ **(ဝဲပုံ)**

ကွင်းလယ်ကစားသမား မက်အတီးကိုယ်တိုင်ကလည်း မန်ချက်စတာစီးတီးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် မရရှိခဲ့ခြင်းကြောင့် ပုံမှန်ပွဲထွက်ခွင့်သေချာစေမည့် ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မန်ချက်စတာစီးတီးအသင်းထံမှ မက်အတီးအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ **(NGB)**

## ကွမ်ဒါအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက် အသင်း စိတ်ဝင်စား

**မန်ချက်စတာ နိုဝင်ဘာ ၁၈**

မန်ချက်စတာယူနိုက်တက်အသင်းသည် စပို့တင်းလစ္စဘွန်းအသင်း တိုက်စစ်မှူး ကွမ်ဒါအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသလို၊ စပို့တင်းလစ္စဘွန်းအသင်းနှင့်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၇ပွဲကစားကာ ၂ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



စပို့တင်းလစ္စဘွန်းအသင်းကလည်း ကွမ်ဒါအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။ **(အပေါ်ပုံ)**

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းထံမှ ကွမ်ဒါအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## 2024 Nitto ATP Finals ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး

**တူရင် နိုဝင်ဘာ ၁၈**

အီတလီနိုင်ငံ၊ တူရင်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Nitto Atp finals တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2024 Nitto Atp finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz အား ၆-၄၊ ၆-၄ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ Jannik Sinner က "ကျွန်တော် အခုလို 2024 Nitto Atp finals တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အပေါ်ယာပုံ) (NGB)**



## ပီဒရိုအား စာချုပ်သက်တမ်းတိုးရန် လာဇီယိုအသင်းစီစဉ်

**တူရင် နိုဝင်ဘာ ၁၈**

စီးရီးအေကလပ် လာဇီယိုအသင်းသည် အသင်းဝါရင့်တောင်ပံကစားသမား ပီဒရိုအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။



အသက်(၃၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် လာဇီယိုအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၄ပွဲကစားကာ ၂၆ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

လာဇီယိုအသင်းထုတ်ပြန်ချက်တွင် "ပီဒရိုအား စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူအနေနဲ့လည်းအသင်းမှာပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း ချုပ်ဆိုနိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။

**(ဝဲပုံ) (NGB)**

## ပြင်သစ်အသင်းက အီတလီအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၁၈**

ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပြင်သစ်အသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက အီတလီအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂မိနစ်နှင့် ၆၅မိနစ်တွင် ရာဘီယော့စ်၊ ပွဲချိန် ၃၃မိနစ်တွင် ဗစ်ကာရီယို (OG) တို့ အသီးသီး သွင်းယူခဲ့ကြသည်။

ပြင်သစ်အသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ် ၄ပွဲကစားအပြီးတွင် ရမှတ် ၁၃ မှတ်ရရှိကာ အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

**(အောက်ပုံ) (NGB)**



### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကန်-ခြေစစ်ပွဲ) (ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ပထမအကျော့ရလဒ် |
|---|---|---|---|
| ၂၀-၁၁-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက်၀၂း၃၀နာရီ | (၈)ဘိုလီးဗီးယား - ပါရာဂွေး(၆) (W,W,W,L,L) (D,W,D,W,W) | ပါရာဂွေး ၁-၀ ဘိုလီးဗီးယား |
| ။ | နံနက်၀၅း၃၀နာရီ | (၃)ကိုလံဘီယာ - အီကွေဒေါ(၅) (D,W,L,W,L) (L,W,D,D,W) | အီကွေဒေါ ၀-၀ ကိုလံဘီယာ |
| ။ | နံနက်၀၆း၃၀နာရီ | (၁)အာဂျင်တီးနား - ပီရူး(၉) (W,L,D,W,L) (D,L,W,L,D) | ပီရူး ၀-၂ အာဂျင်တီးနား |
| ။ | ။ | (၁၀)ချီလီ - ဗင်နီဇွဲလား(၇) (L,L,L,L,D) (L,D,D,L,D) | ဗင်နီဇွဲလား ၃-၀ ချီလီ |
| ။ | နံနက်၀၇း၁၅နာရီ | (၄)ဘရာဇီး - ဥရုဂွေး(၂) (W,L,W,W,D) (D,D,L,D,W) | ဥရုဂွေး ၂-၀ ဘရာဇီး |

### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ်-(၆) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | ပထမအကျော့ရလဒ် |
|---|---|---|---|---|---|
| ၂၀-၁၁-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက်၀၂း၁၅နာရီ | A | ၃ | ဘော့စနီးယား - နယ်သာလန် | နယ်သာလန် ၅-၂ ဘော့စနီးယား |
| ။ | ။ | A | ၃ | ဟန်ဂေရီ - ဂျာမနီ | ဂျာမနီ ၅-၀ ဟန်ဂေရီ |
| ။ | ။ | B | ၁ | အယ်လ်ဘေးနီးယား - ယူကရိန်း | ယူကရိန်း ၁-၂ အယ်လ်ဘေးနီးယား |
| ။ | ။ | B | ၁ | ချက် - ဂျော်ဂျီယာ | ဂျော်ဂျီယာ ၄-၁ ချက် |
| ။ | ။ | C | ၁ | ဆလိုဗက်ကီးယား - အက်စ်တိုးနီးယား | အက်စ်တိုးနီးယား ၀-၁ ဆလိုဗက်ကီးယား |
| ။ | ။ | C | ၁ | ဆွီဒင် - အဇာဘိုင်ဂျန် | အဇာဘိုင်ဂျန် ၁-၃ ဆွီဒင် |
| ။ | ။ | B | ၄ | မွန်တီနီဂရိုး - တူရကီ | တူရကီ ၁-၀ မွန်တီနီဂရိုး |
| ။ | ။ | B | ၄ | ဝေးလ်စ် - အိုက်စလန် | အိုက်စလန် ၂-၂ ဝေးလ်စ် |
| ။ | ။ | D | ၂ | မော်လ်တာ - အန်ဒိုရာ | အန်ဒိုရာ ၀-၁ မော်လ်တာ |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၉-၁၁-၂၀၂၄ အင်္ဂါနေ့ | ညနေ၅း၀၀နာရီ | မြန်မာ - လက်ဘနွန် |
| ။ | ညနေ၆း၃၀နာရီ | ဟောင်ကောင် - မောရစ်သျှ |
| ။ | ည၇း၃၀နာရီ | တာဂျစ်ကစ္စတန် - အာဖဂန်နစ္စတန် |
| ။ | ည၁၁း၀၀နာရီ | ရုရှား - ဆီးရီးယား |
| ။ | ။ | ဂျီဘရော်လ်တာ - မော်လ်ဒိုဗာ |

### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(အာရှဇုန် ခြေစစ်ပွဲ-တတိယအဆင့်) (ပွဲစဉ်-၆)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပထမအကျော့ရလဒ် |
|---|---|---|---|---|
| ၁၉-၁၁-၂၀၂၄ အင်္ဂါနေ့ | ညနေ ၆း၃၀ နာရီ | A | မြောက်ကိုရီးယား - ဥဇဘက်ကစ္စတန် | ဥဇဘက်ကစ္စတန် ၁-၀ မြောက်ကိုရီးယား |
| ။ | ။ | C | တရုတ် - ဂျပန် | ဂျပန် ၇-၀ တရုတ် |
| ။ | ။ | C | အင်ဒိုနီးရှား - ဆော်ဒီအာရေဗျ | ဆော်ဒီအာရေဗျ ၁-၁ အင်ဒိုနီးရှား |
| ။ | ည ၈း၃၀ နာရီ | A | ကာတ္တာ - အီရန် | အီရန် ၁-၀ ကာတ္တာ |
| ။ | ။ | B | ပါလက်စတိုင်း - တောင်ကိုရီးယား | ပါလက်စတိုင်း ၀-၀ တောင်ကိုရီးယား |
| ။ | ည ၁၀း၃၀ နာရီ | A | ယူအေအီး - ကာတာ | ကာတာ ၁-၃ ယူအေအီး |
| ။ | ။ | B | အိုမန် - အီရတ် | အီရတ် ၁-၀ အိုမန် |
| ၂၀-၁၁-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက် ၀၀း၄၅ နာရီ | B | ကူဝိတ် - ဂျော်ဒန် | ဂျော်ဒန် ၁-၁ ကူဝိတ် |
| ။ | ။ | C | ဘာရိန်း - ဩစတြေးလျ | ဩစတြေးလျ ၀-၁ ဘာရိန်း |

# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပြောင်းသီးနှံ ၁၆၇၀ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း နိုဝင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် ပြောင်းသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစုစုပေါင်း ၁၆၇၀ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ်အတွင်း ဒေသခံတောင်သူများ ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ပြောင်းသီးနှံထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးနှင့် စိုက်စနစ် မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲနိုင်ရေး၊ ပြောင်းသီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ ပြောင်းသီးနှံများ အရည်အသွေးကောင်းရရှိရေး၊ အထွက်နှုန်းရရှိရေး၊ နည်းပညာရပ်များ ရယူသုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင် ပြောင်းသီးနှံများကို စိုက်ပျိုးကြရေးကိုလည်း စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



တပ်ကုန်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၈၄၀ ဧက၊ ဖူးစားပြောင်း ၈၃၀ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်းပြောင်းသီးနှံဖူလုံရေးအတွက် ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ အောင်မြင်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




# စက်သုံးဆီ၊ စားသုံးဆီနှင့် သွင်းကုန်လုပ်ငန်းရှင်များအတွက် ဒေါ်လာတစ်ဘီလျံကျော် ထုတ်ရောင်းပေးထား

ယခုဘဏ္ဍာနှစ် ၇ လအတွင်း စက်သုံးဆီ၊ စားသုံးဆီနှင့် သွင်းကုန်လုပ်ငန်းရှင်များအတွက် ဒေါ်လာတစ်ဘီလျံကျော် ထုတ်ရောင်းပေးထားပြီး စက်သုံးဆီလုပ်ငန်းရှင်များအတွက် အမေရိကန်ဒေါ်လာ ၃၅ သန်း ရောင်းချပေးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၆ ရက်က ထုတ်ပြန်ခဲ့သည်။

ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform)တွင် စက်သုံးဆီတင်သွင်းသောလုပ်ငန်းရှင်များသို့ အမေရိကန်ဒေါ်လာ (၃၅)သန်း ရောင်းချပေးမည်ဖြစ်ကြောင်း မနေ့က အသိပေးထုတ်ပြန်ထားသည်။

ဗဟိုဘဏ်အနေဖြင့် သွင်းကုန်လုပ်ငန်းရှင်များ အဆင်ပြေစေရန်အတွက် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ဒေါ်လာအပြင် တရုတ်ယွမ်နှင့် ထိုင်းဘတ်တို့ကို ထုတ်ရောင်းပေးလျက်ရှိရာ ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ (၃)လခွဲအတွင်း ဒေါ်လာ ၂၅၆ သန်းကျော်၊ ထိုင်းဘတ်တစ်ဘီလျံကျော်နှင့် တရုတ်ယွမ် ၅၄ သန်းကျော်အထိ ထုတ်ရောင်းပေးထားပြီးဖြစ်သည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဒေါ်လာဈေးနှုန်း ပြန်မြင့်တက်လာခဲ့၍ ဗဟိုဘဏ်မှ ဒေါ်လာ၊ ထိုင်းဘတ်နှင့် တရုတ်ယွမ်များ ဆက်တိုက်ထုတ်ရောင်းပေးမှုအပြင် ယခုဘဏ္ဍာနှစ် ၇ လအတွင်း စက်သုံးဆီ၊ စားသုံးဆီနှင့် သွင်းကုန်လုပ်ငန်းရှင်များထံ ရောင်းပေးထားကြောင်း ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ သိရသည်။

(မန္တလေးနေ့စဉ်-၆)

*-*-*-*-*-*-*

# စားအုန်းဆီ လက်ကားရည်ညွှန်းဈေး ၃၈၀ ကျပ် မြင့်တက်

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုများအရ ယခုတစ်ပတ် နိုဝင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၇၀၁၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ်နိုဝင်ဘာ ၁၁မှ ၁၇ ရက်ထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် ငွေကျပ် ၆၆၃၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ်ရည်ညွှန်းဈေးသည် ငွေကျပ် ၇၀၁၅ ဖြစ်သဖြင့် ငွေကျပ် ၃၈၀ ဈေးတက်သွားခြင်း ဖြစ်သည်။

စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သင်ယူပို့ဆောင်ခကုန်ကျစရိတ်များဘဏ်စရိတ်များ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိပါသည်။

အပတ်စဉ်ဖော်ပြပေးထားနေသော အခြေခံလက်ကားရည်ညွှန်းဈေးသည် ရန်ကုန်အထိုင်လက်ကားဈေးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ သတ်မှတ်ထားသည့်အမြတ် ရာခိုင်နှုန်းမှလွဲ၍ စားအုန်းဆီများကို ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ခြင်းနှင့် လက်လီဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးဖြင့်ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

*-*-*-*-*-*-*

တိုက်တာဆင့်ဆင့်၊
မိုးထိမြင့်လည်း
ပန်းနှင့် သစ်ပင်၊
မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း၊
စိတ်ပင်ပန်း၏ ။

# ညောင်ဦးမြို့နယ်၌ မြေအောက်ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောစိုက်ပျိုးမှုများလာ



**ညောင်ဦး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုအတွင်း မြေအောက်ရေတူးဖော်ကာ မြေအောက်ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောများဈေးနှုန်းကောင်းခြင်းနှင့်အတူ ဖီးကြမ်းငှက်ပျောစိုက်ပျိုးတောင်သူများလာကြောင်း ဖီးကြမ်းငှက်ပျောစိုက်တောင်သူများထံက သိရသည်။

ညောင်ဦးမြို့နယ်မှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် ငှက်ပျောစိုက်ပျိုးခြင်းအား တပေါင်းလ၊ တန်ခူးလတို့တွင် စတင်စိုက်ပျိုးကြကြောင်း၊ လက်ပံခြေပေါ်အုပ်စုကျေးရွာများသည် ငှက်ပျောစိုက်ပျိုးကြရာတွင် ဖီးကြမ်းငှက်ပျော တစ်မျိုးတည်းထဲသာ စိုက်ပျိုးကြပြီး ငှက်ပျောပေါ်ချိန် ရောင်းအားကောင်းတာကလည်း ဖီးကြမ်းငှက်ပျောသာ ရောင်းအားပိုပြီး ဈေးနှုန်းလည်း ရရှိခြင်းကြောင့် ရခိုင်ငှက်ပျောစိုက်ပျိုးမှု မရှိသလောက်ဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူ ဦးအောင်ဌေးကပြောသည်။

ဖီးကြမ်းငှက်ပျောစိုက်ပျိုးရာတွင် တစ်ပင် တစ်ကျင်း စိုက်ပျိုးခြင်း၊ တစ်ကျင်း နှစ်ပင် စိုက်ပျိုးခြင်း၊ ကွက်စိတ်ချ စိုက်ပျိုးကြပြီး တစ်ပင် တစ်ကျင်း စိုက်ပျိုးသည့်သူများက ငှက်ပျောသားတက်မထားကြဘဲ အပင်အားလုံး အသီးသီးပြီးလျှင် အသစ်ပြန်စိုက်ကြကြောင်း၊ တစ်ကျင်း နှစ်ပင် စိုက်တောင်သူများမှာမူ ငှက်ပျောသားတက် တစ်ပင် တစ်တက် ထားပြီး စိုက်ပျိုးကြသည်။

ငှက်ပျောပေါ်ချိန်သည်လည်း စိုက်ပြီး ၁၀ လ၊ ၁၁ လတွင် ပေါ်ကြောင်းထွက်ရှိလာသည့် ဖီးကြမ်းငှက်ပျောများအား ညောင်ဦး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းပွဲစားများက ငှက်ပျောခြံထိ လာရောက်ဝယ်ယူကြကြောင်းနှင့် လက်ပံခြေပေါ်အုပ်စုအတွင်း ကျေးရွာများ မြေအောက်ရေအသုံးပြု၍ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများလာကြောင်း၊ ဖီးကြမ်းငှက်ပျောတစ်ဖီး ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ ထိ ရောင်းချရခြင်းက ငှက်ပျောစိုက်ပျိုးတောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းလည်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၈၁)**

# မုံရွာမြို့နယ် ဆောင်းရာသီ ပဲမျိုးစုံ ဧက လေးသောင်းကျော် စိုက်ပျိုးရန်လျာထား

**မုံရွာ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်ဆောင်းရာသီ ပဲမျိုးစုံဧက လေးသောင်းကျော် စိုက်ပျိုးရန်လျာထားကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒေသခံတောင်သူတွေအနေနဲ့ ဈေးကွက်ကောင်းဝင်နိုင်တဲ့ ပဲမျိုးတွေကို ရွေးချယ်စိုက်ပျိုးလာကြတယ်။ ပဲမျိုးတွေဟာ စိုက်ပျိုးရေ လိုအပ်ချက်နည်းတဲ့ သီးနှံတွေဖြစ်တယ်။ ပဲစားသုံးမှုနဲ့ ကုန်ထုတ်လုပ်မှုတွေ အားကောင်းလာတဲ့အတွက် စပါးစိုက်ပျိုးရေးပြီးရင် မုံရွာမြို့နယ်မှာ ပဲမျိုးစုံ စိုက်ပျိုးမှုဟာ အများဆုံးဖြစ်တယ်။ ပို့လျှံတဲ့ ပဲတွေကိုလည်း အခြားတိုင်းဒေသကြီး၊ နိုင်ငံခြားကို ပို့နိုင်တဲ့အထိ စိုက်ပျိုးထုတ်လုပ်မှုများရှိတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဌာန တာဝန်ရှိသူက ပြောသည်။

မုံရွာမြို့နယ်အတွင်းရှိ တောင်သူများသည် ပဲမျိုးစုံစိုက်ပျိုးရေးအဖြစ် မတ်ပဲ ၈၅၀ ဧက၊ ပဲတီစိမ်း ၁၅၉၀ ဧက၊ ထောပတ်ပဲ ၉၉၅ ဧက၊ စွန်တာပြာ ၁၂၇၃၀ ဧက၊ ကုလားပဲ ၁၇၇၉၀ ဧက၊ ပဲလွန်း ၆၀၀ ဧက၊ ပဲကြီး ၅၅၅၀ ဧကနှင့် အခြားပဲ ၈၆၀ ဧကကို စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။ **(အောက်ပုံ) (၃၉၄)**



## နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ငါးသယံဇာတများ ပေါများစေရေးအတွက် ငါးသားပေါက်ကောင်ရေ ၂၆ သိန်းကျော် စိုက်ထည့်ပေးထား



**မန္တလေး နိုဝင်ဘာ ၁၈**

ယခုဘဏ္ဍာနှစ်၌ မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်စေရေးနှင့် ပေါများစေရေးအတွက် နတ်ရေကန် ငါးလုပ်ငန်းစခန်းမှ သဘာဝရေပြင်ကွင်းများသို့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၆ သိန်းကျော်ကို စိုက်ထည့်ပေးထားကြောင်း ငါးလုပ်ငန်းစခန်းမှ သိရသည်။

အဆိုပါ ငါးသားပေါက်များကို တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းများမှ ခွဲတမ်းချ ယခုဘဏ္ဍာအတွင်း စိုက်ထည့်ပေးနေကြောင်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းအနေဖြင့် ငါးသားပေါက်အကောင်ရေ ၃၁ သိန်းကျော်ကို စိုက်ထည့်သွားရန် လျာထားဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ နှစ်လက်မအရွယ် ငါးသားပေါက်အကောင်ရေ ၂၆ သိန်းကျော်ကို ငါးမျိုးစိုက်ထည့်ပေးထားပြီးဖြစ်ကြောင်း၊ စိုက်ထည့်ပေးခဲ့သည့် ငါးမျိုးများမှာ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမ ငါးမျိုးတို့ကို စိုက်ထည့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ငါးလုပ်ငန်းစခန်းများအနေနဲ့ ယခုဘဏ္ဍာနှစ်အတွင်းမှာ စခန်းအလိုက် ခွဲတမ်းချငါးမျိုးများကို စိုက်ထည့်ပေးနေတယ်။ လက်ရှိအချိန်မှာ နတ်ရေကန်ငါးလုပ်ငန်းစခန်းအနေနဲ့ ငါးသားပေါက်ကောင်ရေ ၂၆ သိန်းကျော်ကို စိုက်ထည့်ပေးထားပြီးဖြစ်တယ်။ ရာခိုင်နှုန်းအနေနဲ့ ၈၄ ရာခိုင်နှုန်းလောက် စိုက်ထည့်ပေးပြီးပြီ။ ခုလို ငါးမျိုးတွေကို မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံနဲ့ သဘာဝရေလျှံကွင်းတွေမှာ စိုက်ထည့်ပေးခြင်းကြောင့် ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ပေါများစေဖို့အတွက်ပါ။ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရေး၊ ငါးရိက္ခာတွေ ရေရှည်စားသုံးနိုင်စေရေးနဲ့ သားငါးပေါများစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်တယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ နှစ်လက်မအရွယ် ငါးများကို နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ယခုဘဏ္ဍာနှစ်အတွင်း ငါးမျိုးကောင်ရေ ၃၁ သိန်းကျော်ပြည့်သည်အထိ စိုက်ထည့်ပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ငါးမျိုးစိုက်ထည့်ခြင်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းတို့မှ မွေးမြူပြီးစခန်းများအလိုက် စိုက်ထည့်ပေးခြင်းဖြစ်ကြောင်း၊ ထိုငါးလုပ်ငန်းစခန်းများအနေဖြင့် ငါးသားပေါက်များကို နှစ်စဉ် စိုက်ထည့်ပေးပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လွှတ်ပေးနေကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၇၃)**



## ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းများမှ လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်က ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများမှ လုပ်ငန်းပြန်လည်ထူထောင်လုပ်ကိုင်နေသူများထံ ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ကျေးလက်နေ ပြည်သူများဝင်ငွေတိုးပွားရေးစီမံကိန်းဖြင့် စက်ချုပ်သင်တန်း၊ စားသောက်ကုန် လူသုံးကုန်ထုတ်လုပ်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

## ထန်းတောင်သူများ ထန်းလျက်ဈေးတက်လာပြီး တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ရောင်းချနေရ

**ညောင်ဦး နိုဝင်ဘာ ၁၈**



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ရှိ ထန်းတောင်သူများ ထန်းလျက်တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ဈေးနှုန်းဖြင့် ရောင်းချနေရပြီး ထန်းတောင်သူလုပ်ငန်းပြန်လည်လုပ်ကိုင်မှု မနှစ်က ထက်ပိုများခဲ့ကြောင်း နတ်ပလင်ကျေးရွာ ထန်းတောင်သူ ဦးဝင်းညွှန့်ထံက သိရသည်။

ညောင်ဦးမြို့နယ်တွင် ထန်းတက်လုပ်ငန်းလုပ်ကိုင်သည့် ထန်းတောင်သူ အများအပြားလုပ်ကိုင်ခဲ့ရာမှ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ထန်းတက်လုပ်ငန်းလုပ်ကိုင်သူ နည်းပါးလာခဲ့ကြောင်း၊ ထန်းလျက်ဈေးနှုန်းကျဆင်းခြင်းနှင့်အတူ ပြည်ပသို့ထွက်ကာ အလုပ်လုပ်ကိုင်သူများပြားခဲ့ပြီး ထန်းတက်လုပ်ငန်းလုပ်ကိုင်သူ နည်းပါးခဲ့ ခြင်းဖြစ်ကြောင်း၊ ညောင်ဦးမြို့နယ်တွင် ထန်းပင်၊ ထန်းတောအလွန်ပေါများသည့် ဒေသဖြစ်ကာ ကျေးလက်တောင်သူများ ထန်းလုပ်ငန်းအား လူတိုင်းလုပ်ကိုင်ခဲ့သည့်အခြေအနေမှ ထန်းတောင်သူ လုပ်ငန်းနည်းပါးသွားခဲ့ခြင်းဖြစ်ကြောင်း ထန်းတောင်သူများက ပြောသည်။

ထန်းတောင်သူလုပ်ငန်း လုပ်ကိုင်ရာတွင် ထန်းရာသီမစတင်မီ အချိန်ကပင် ထန်းဆွဲမြူအိုး၊ ထန်းဆွဲမြူအိုးကြိုး၊ ရင်းတောင်၊ ရင်းဆွဲ၊ ထန်းလှီးအိမ်၊ ထန်းလှီးဓား၊ ထန်းလျက်ချက်ရန် မိုးဖြဲဒယ်၊ ထန်းလျက်ဖို၊ ထန်းလျက်ချက်ဖိုပြုလုပ်ရန်၊ မြေနီမြေစေး၊ ထန်းလျက်ချက်လောင်စာဖြစ်သည့် ထန်းဖက်၊ ထန်းလက်နှင့် ပဲစင်းငုံရိုးများအား ကြိုတင်စုဆောင်းထားကြရကြောင်း ထန်းလျက်စတင်ပေါ်ချိန်က တစ်ပိဿာငွေကျပ် ၄၀၀၀ ထိ ရောင်းချခဲ့ရပြီး ထန်းလျက်လှိုင်လှိုင်ပေါ်ချိန် ထန်းလျက်တစ်ပိဿာငွေကျပ် ၃၀၀၀ ရောင်းချရကြောင်း၊ ထန်းလျက်တစ်ပိဿာငွေကျပ် ၄၀၀၀ သည် ထန်းတောင်သူများမျှော်လင့်နေသည့်ဈေးနှုန်းဖြစ်ပြီး ညောင်ဦးမြို့နယ်၌ ထန်းတောင်သူများ နိုဝင်ဘာလမှစတင်ပြီး ထန်းလျက်တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ရောင်းချနေရကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၈၁)**



## မြေပဲလုံးဆန်ဈေး တစ်ပိဿာကို ငွေကျပ် ၅၀၀ ဝန်းကျင် ဈေးမြင့်တက်

**မန္တလေး နိုဝင်ဘာ ၁၈**

မကွေးမြို့တွင် မြေပဲအရောင်းအဝယ်ဖြစ်နေပြီး မြေပဲလုံးဆန်ဈေးတစ်ပိဿာကို ငွေကျပ် ၅၀၀ ဝန်းကျင် ဈေးမြင့်တက်နေတယ်လို့ မကွေးကုန်စည်ဒိုင်က သိရသည်။

ယခုရာသီဟာ မိုးမြေပဲအကုန် ဆောင်းမြေပဲပေါ်ခါနီးအချိန်ဖြစ်သည့်အတွက် ပစ္စည်းရှားနေတာကြောင့် ဈေးအနည်းငယ်မြင့်တက်လာခြင်း ဖြစ်သည်။

မြေပဲလုံးဆန်ကို ပြည်တွင်းဆီစက်လုပ်ငန်းရှင်တွေကလည်း ဝယ်ယူကြသလို တရုတ်နိုင်ငံသို့ တင်ပို့ရန် အဝယ်ကောင်းနေသည်။

လက်ရှိမကွေးမြို့မှာ မြေပဲလုံးဆန်တစ်ပိဿာကို ငွေကျပ် ၈၀၀၀-၈၅၀၀ ဝန်းကျင်ထိ ဈေးမြင့်တက်လာသည်။

ယခုနှစ်မိုးရာသီက မကွေးတိုင်းဒေသကြီးမှာ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် မိုးသီးနှံဖြစ်သည့် နှမ်းတွေ ပျက်စီးမှုရှိခဲ့တာကြောင့် မြေပဲကို အစားထိုးစိုက်ပျိုးထားကြကြောင်း တောင်သူများထံက သိရသည်။

ယခုအချိန်တွင် အစားထိုးစိုက်ပျိုးထားသည့် မြေပဲပေါ်ချိန်ကာလဖြစ်ပြီး မကြာခင်မှာ ဆောင်းမြေပဲပေါ်ချိန်ကို ရောက်ရှိတော့မှာဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) ရွှေမန်း**

## မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ဆောင်းသီးနှံ မတ်ပဲ၊ နေကြာမျိုးများ ပေးအပ်

**လယ်ဝေး နိုဝင်ဘာ ၁၈**

လယ်ဝေးမြို့နယ် ၂၀၂၄-၂၀၂၅ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ရေကြီးနစ်မြုပ်ပျက်စီးဧရိယာများအတွက် ဆောင်းသီးနှံမတ်ပဲ၊ နေကြာမျိုးများ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ်၊ ခရမ်းကိုင်းကျေးရွာအနီးရှိ အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းအောင်က အမှာစကားပြောကြားသည်။ထို့နောက် MEC မှ တာဝန်ရှိသူတစ်ဦးက ရေကြီးနစ်မြုပ်ပျက်စီးဧရိယာများတွင် စိုက်ပျိုးမည့်ဆောင်းဆီထွက်သီးနှံများအတွက် သွင်းအားစုများ ဖြန့်ဖြူးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမှု၊နွေစပါးပြန်လည်ကောက်ခံပေးသွင်းမှု၊ ဆောင်းဆီထွက်သီးနှံများ စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တောင်သူများက လိုအပ်ချက်များတင်ပြရာ သက်ဆိုင်ရာဌာနများမှ ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

**(ယာပုံ)**

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်ဧရိယာများမှ တောင်သူများအား ဆောင်းသီးနှံမတ်ပဲနှင့် နေကြာမျိုးများ ပေးအပ်သည်။ ယင်းနောက် ခရမ်းကိုင်းကျေးရွာမှ တောင်သူ ဒေါ်သင်းသင်းခိုင်၏ မျိုးစေ့ထုတ်စိုက်ကွက် သုံးဧက၌ မိုးစပါးစံကွက်ရိတ်သိမ်းရာ(အစို) ၁၀၈ တင်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ဝင်ခွင့်စာမေးပွဲဖြေဆို



**မန္တလေး နိုဝင်ဘာ ၁၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၁၃၈၆-၈၇ ၂၀၂၄-၂၀၂၅ပညာနှစ် သာသနာ့တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို နိုဝင်ဘာ ၁၇ ရက်က အောင်မြေသာစံမြို့နယ် ၆၂လမ်းရှိ အဆိုပါတက္ကသိုလ်စာသင်ခန်းမများတွင် ကျင်းပရာ ကျောင်းအုပ်ဆရာတော် အမှူးပြုသော သင်ကြားစီမံဆရာတော်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

သာသနာ့တက္ကသိုလ် ဝင်ခွင့်ရေးဖြေ စာမေးပွဲအောင်စာရင်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၇ နာရီတွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သောပုဂ္ဂိုလ်များသည် အောင်မြေသာစံမြို့နယ် ၆၂လမ်းနှင့်၁၄လမ်းထောင့် ဇီဝိတဒါနသာသနာ့ဆေးရုံတွင် ဆေးစစ်ခံယူရမည်ဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် လူတွေ့နှုတ်မေးခွန်း ဖြေဆိုရမည်ဖြစ်ကြောင်းနှင့် မော်ကွန်းထိန်းရုံးသို့ ကြွရောက်ပါရန် ကြေညာထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄၅)

## ပုဂံခေတ် ဗိသုကာဆိုင်ရာကျွမ်းကျင်မှုနှင့် တိုးတက်ကောင်းမွန်သောတည်ဆောက်မှုကို လေ့လာနိုင်



**ညောင်ဦး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း လေ့လာရေးဘုရားဖူးလာရောက်ခဲ့ပါက ပြဿဒ်ကြီးဘုရားရှိ ရုပ်တော်မှုနှင့် ထိုင်တော်မူ ဆင်းတုတော်တို့ကို ဖူးမြော်ပြီး ပုဂံခေတ်အဆောက်အအုံ တည်ဆောက်ဖန်တီးသူများ၏ ဗိသုကာဆိုင်ရာ ကျွမ်းကျင်မှုနှင့် တိုးတက်ကောင်းမွန်သော တည်ဆောက်မှု ဗိသုကာပညာရပ်များကို လေ့လာနိုင်သည်။

ပြဿဒ်ကြီးဘုရားကို ကျစွာမင်းကြီးက (၁၃)ရာစု အစောပိုင်းတွင် တည်ထားကိုးကွယ်ခဲ့ပြီး လိုဏ်နှစ်ဆင့်ခံစေတီပေါက် ဂူဘုရားတစ်ဆူဖြစ်ကာ ပြဿဒ်ကြီးဘုရားသည် အလွန်ကြီးမားသည့် အံ့သြဖွယ်ရာ ကောင်းမွန်သောစေတီတော်ဖြစ်ပြီး ပုဂံမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်။ အဆိုပါပြဿဒ်ကြီးဘုရားအတွင်း ကြီးမားသော ရုပ်တော်မူနှင့် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ပေါင်းများစွာကို ကိုယ်နေဟန်ထားအမျိုးမျိုးဖြင့် ဖူးမြော်တွေ့ရှိ လေ့လာနိုင်သည်။ နှောင်းပိုင်းကာလစေတီပုထိုးများ၏ ကြီးမားခမ်းနားသောအခန်းများနှင့် ကျယ်ဝန်းသော စင်္ကြံလျှောက်လမ်းများ တည်ဆောက်ထားရှိမှုကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ်အဆောက်အအုံ တည်ဆောက်ဖန်တီးသူများ၏ ဗိသုကာပညာရပ်ဆိုင်ရာကျွမ်းကျင်မှုနှင့် တိုးတက်ကောင်းမွန်သော ဗိသုကာပညာရပ်များကို တွေ့မြင်သိရှိ လေ့လာနိုင်သည်။

ပြဿဒ်ကြီးဘုရား၏ အရှေ့မြောက်ဘက်တွင် စောလုဝန်းဘုရား၊ မြောက်ဘက်တွင် ဆင်များရှင်အုတ် ကျောင်းတိုက်အစုအဝေး၊ အနောက်မြောက်ဘက်တွင် စူဠာမဏိဘုရား၊ အနောက်ဘက်တွင် ဓမ္မရံကြီးဘုရား၊ တောင်ဂူနီ၊ မြောက်ဂူနီဘုရားနှင့် အနောက်တောင်ဘက်တွင် ဓမ္မရာဇကဘုရားတို့ကိုလည်း တစ်စပ်တည်း လေ့လာ ဖူးမြော်နိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

## ကျွန်းလှမြို့နယ်၌ ကိုက်လန်စိုက်ပျိုးသူများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၍ အဆင်ပြေ

**ကျွန်းလှ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ချောင်းရေ၊ မြေအောက်ရေတင်ပြီး ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးကြရာ ယခုနှစ် ဆောင်းရာသီစိုက်ပျိုးသော ကိုက်လန်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၍ အဆင်ပြေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ (ယာပုံ)

"ဒီနှစ်ဆောင်းရာသီမှာ ချောင်းရေတင်ပြီး ကိုက်လန် အပင် ၃၀၀၀ စိုက်ပျိုးထားပါတယ်။ မျိုးဖိုး၊ မြေဩဇာ၊ ထွန်ယက်ခ၊ ဆေးဖိုးနဲ့ လုပ်အားခအပါဝင် ငွေကျပ်တစ်သိန်းခွဲခန့် ကုန်ကျပါတယ်။ ယခုအခါ စတင်ဆွတ်ခူးနေရပြီး အထုံးကြီးတစ်ထုံးကို ငွေကျပ် ၅၀၀၀ ရောင်းရပါတယ်။ တစ်နေ့မိသားစုအတွက် ငွေကျပ် ၃၀၀၀၀ ဝင်ငွေရရှိပါတယ်"ဟု ရှမ်းစုကျေးရွာနေ ကိုက်လန်စိုက်ပျိုးသူတစ်ဦးက ပြောသည်။

အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံများရရှိရေးအတွက် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် ၅၇၇ ဧက လျာထားပြီး ယနေ့ထိ ၅၃၂ ဧက ( ၉၂ ဒသမ ၂၀) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၄၈၀)



သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(အောက်ပုံ)

ဇော်ဝမ်းထွန်း(အောင်လံ)



## မုံရွာမြို့တွင် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်၊ စက်ဘီး၊ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်၊ စက်ဘီး၊ ပြေးခုန်ပစ်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက မုံရွာမြို့၊ အနောက်ဘက်ကန်သာယာတွင် ကျင်းပသည်။ (အောက်ပုံ)

မုံရွာမြို့ပေါ်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ ချစ်ကြည်ရင်းနှီးမှုများ ရရှိနိုင်စေရန်အတွက် ၂၀၂၄ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်သည်။

အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ၊ စက်ဘီးပြိုင်ပွဲများကို အနောက်ဘက်ကန်သာယာတွင် ယှဉ်ပြိုင်ကျင်းပခဲ့ပြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀၊ မီတာ ၄၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြကြောင်း သိရသည်။ (၃၉၄)



## မင်းဘူးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**မင်းဘူး နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခိုင်အောင် ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခိုင်အောင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပသည့်အခါ ခရိုင်ပြန်/ဆက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က Moderator အဖြစ် ဆောင်ရွက်ကာ ခိုင်အောင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ ကျောင်းသား၊ ကျောင်းသူလေးများဖြစ်သော မဝင့်ရွှေရည်ကိုက လူငယ်နှင့် စာဖတ်ခြင်း၊ မပန်းအိဖြူက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ မောင်အောင်သူချစ်က လူငယ်နှင့် ခေါင်းဆောင်ခြင်း၊ မောင်ကောင်းဆက်ညီညီက လူငယ်နှင့်နည်းပညာ၊ မထူးမြတ်အင်ကြင်းလှိုင်က လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ကြကာ အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၅၀၄)**

## (၁၀၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ အမျိုးသားနေ့ ဖြစ်ပေါ်လာပုံများ၊ အမျိုးသားရေး စိတ်ဓာတ်များ ကိန်းအောင်စေရေး အသိပညာပေး ဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျင်းပလျက်ရှိရာ အဆိုပါကျောင်းများမှာ ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း ၁၃၀ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၅ ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ကိုးကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ ကိုးကျောင်း၊ အထက်တန်းကျောင်း ၁၁ ကျောင်း၊ ကိုယ်ပိုင်မူလတန်းကျောင်း လေးကျောင်း၊ ကိုယ်ပိုင် အထက်တန်းကျောင်း သုံးကျောင်း၊ ဘုန်းတော်ကြီးသင် မူလတန်းကျောင်း ၁၀ ကျောင်း၊ မူလတန်းလွန်ကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်းရှိကြောင်း သိရသည်။

**(အောက်ပုံ)**
**(၄၈၅)**



## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်

**ပခုက္ကူ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန (Community centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် စာရေးဆရာအတွင်းရေးမှူး စာရေးဆရာမ အသွင်ဆန်း(ပခုက္ကူ)က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ် စာရေးဆရာအသင်းဝင် စာရေးဆရာ သုခဆွေ(ပညာရေး)က စာရေးဆရာ တက္ကသိုလ်ဗန်းမော် တင်အောင် ရေးသားထုတ်ဝေထားသော "ရဲဘော်အောင်ဒင်" စာအုပ်အကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် မြို့နယ်စာရေးဆရာ အသင်းဝင် စာရေးဆရာ၊ ဆရာမများ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာအုပ်ပါအကြောင်းအရာများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းကာ အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

**(အောက်ဝဲပုံ)**
**(၃၄၀)**






ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့ ။

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## မော်ကွန်းထည်ဝါ မန္တလေးနေ့စဉ်သတင်းစာ

* ခေတ်ရှည်တည်ပြု
နှစ်တွေချီမှု ၊ ပေါင်းစုဆောင်လာ
မန္တလေးမြို့
ဆန်းလှအေးဖို့ ၊ မှန်းလို့ရွယ်ကာ
မြန်ပြည်တစ်လွှား
စံတည်ခေတ်အား ၊ ဝင့်ကြွားထည်ဝါ
နေ့စဉ်မှျ
တွေ့မြင်ရ ၊ လျှမ်းပသတင်းစာ ။

* ပွင့်ကြူဖြာလန်း
ဆင့်မြူကာမြန်း ၊ ဝင့်ပန်းအသွင်
သင်းပျံ့လှိုင်မွှေး
ရှင်းသန့်ပြိုင်အေး ၊ လုသွေးရောင်ဆင်
ခြံနှင်းတည်ဖုံး
ပုံခင်းပြည်လုံး ၊ ဆင့်ပြုံးဂုဏ်အင်
ခေတ်ရှည်လေ့
လှစ်တွေ့ပွေ့ ၊ လွှမ်းပေ့စိတ်အစဉ် ။

* သတင်းစုံလှ
မျှခင်းပုံက ၊ တိကျမှန်သည်
ကြော်ငြာ ဆောင်းပါး
တော်စွာပေါင်းထား ၊ တွေးအားရေးသီ
ကဗျာကဏ္ဍ
လှစွာစံပြ ၊ မွှန်းသဖော်မည်
မြင့်ထုံနန်း
ဝင့်ဂုဏ်လျှမ်း ၊ ဆက်လှမ်းမော်ကွန်းတည် ။

* တည်ထောင်လေကြ
မည်ဆောင်ပေခ ၊ လျှမ်းပမွှေးကြိုင်
ကလောင်လက်များ
ဆနှောင်ထက်ပွား ၊ ဝင့်ကြွားဝေလှိုင်
နှစ်ဆယ့်ခုနစ်
ကျစ်ဖွဲ့ထုဆစ် ၊ ခေတ်သစ်တည်ခိုင်
ဂုဏ်ဝင့်ဆန်း
ထုံဆင့်မြန်း ၊ တက်လှမ်းအောင်မြင်ပိုင် ။ ။

**(မန္တလေးနေ့စဉ်သတင်းစာ (၂၇)နှစ်ပြည့် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုရေးဖွဲ့ပါသည်။)**

**သူ့ထက်ဆန်း(မန္တလေး)**

## သတင်းပဒေသာ

### စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် (၃၁) ကြိမ်မြောက် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းပေါင်းစုံ စုပေါင်း မဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကသာမြို့၊ ပြည်သာယာကျေးရွာအုပ်စု မူလ တောရကျောင်းတိုက်၌ ကျင်းပရာ ကသာမြို့ပေါ်ကျောင်းတိုက်များ မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များအား ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တက်ရောက်လာကြ သည်။ စုပေါင်းမဟာဘုံကထိန်ပွဲတွင် ရှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေ စုစုပေါင်း ငွေကျပ် ၁၅၇ သိန်းကျော် ဆက်ကပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စုပေါင်းမဟာဘုံကထိန် လှည့်လည်ပူဇော်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့၊ အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက် တန်းကျောင်း၏ စုပေါင်းမဟာဘုံကထိန် လှည့်လည်ပူဇော်ခြင်း ကို နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီခွဲက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စုပေါင်းမဟာဘုံကထိန်တွင် အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ စုပေါင်းလှူဒါန်းသည့် ငွေသားနှင့် ပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၀ ကျော်တန်ဖိုး ရှိ ပဒေသာပင် ၅ ခု လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက် နေ ဦးတင်နွယ်နှင့် ဇနီး ဒေါ်နန်းခမ်းအောင်(စိုင်းလောဝဟိန်း ကုမ္ပဏီ)မိသားစုတို့က ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ်၊ စာစောင်များအား ယမန် နေ့နံနက်ပိုင်းက ရွှေတောင်တန်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ မေတ္တာကမ္ဘာစာကြည့်တိုက်၊ တာချီလိတ်လူငယ်ပရဟိတဂေဟာရှိ ပညာအလင်းစာကြည့် တိုက်နှင့် မြို့နယ်စာရေးဆရာအသင်းရုံးရှိ နေ့သစ်ရည်ညွန်း စာကြည့်တိုက်များသို့ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

### အလွတ်တန်းဖိတ်ခေါ်ဖူဆယ်ဘောလုံး ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

ဖောင်းပြင်မြို့ ရွှေဘုန်းပွင့်ဘုရားဗုဒ္ဓပူဇနိယပွဲတော်အထိမ်း အမှတ်နှင့် ဒီဇင်ဘာလအားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး အလွတ်တန်းဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးစာဖတ်ခန်း၌ ပုံတူပန်းချီရေးဆွဲနည်းပြိုင်ပွဲ ပြုလုပ်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ များအသိပညာ ဗဟုသုတတိုးပွားလာစေရန်အတွက် အသိပညာပေး လုပ်ငန်းများ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများကို ကျင်းပပြုလုပ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီက ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကလေးစာဖတ်ခန်း ၌ ပုံတူပန်းချီရေးဆွဲနည်းပြိုင်ပွဲကိုပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# (၁၉)ကြိမ်မြောက် စုပေါင်းဘုံကထိန် ကျင်းပ




**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေး၊ ချမ်းမြသာစည်မြို့ နယ်၊ အောင်ပင်လယ်၊ မြတဘတ် နဂါးကိုးကောင်ဘုရား စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာကျောင်းတွင် ကျင်းပပြုလုပ် သော မန္တလေး၊ မဟာအောင် မြေမြို့နယ် KMC ကိုယ်ပိုင် အထက်တန်းကျောင်း၏ (၁၉) ကြိမ်မြောက် စုပေါင်းမဟာဘုံ ကထိန်ပွဲကြီးကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဖတ် ပူဇော်ဖွင့်လှစ်ခဲ့ကြပြီး ကျောင်း တိုက်ကြီး၏ ပဓာနနာယက တိုက်အုပ် နဂါးကိုးကောင်ဆရာ တော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇိန္ဒထံမှ ဩဝါဒခံယူလျက် သီလတရားတော်တို့ကို နာယူ တည်ဆောက်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များ စုပေါင်း၍ ချီးမြှင့်အပ်သော ပရိတ် တရားတော်တို့ကို နာယူကြည်ညို ကြသည်။

ဆက်လက်၍KMC ကိုယ် ပိုင်အထက်တန်းကျောင်း တည် ဆောက်အုပ်ချုပ်သူ ကျောင်းအုပ် ဆရာကြီး ဦးခင်မောင်ချိုက စုပေါင်းဘုံကထိန်တော်ခင်းကျင်း လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်း လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်တို့အား စုပေါင်းမဟာ ဘုံကထိန်အရန်သင်္ကန်းနှင့် လှူ ဖွယ်ဝတ္ထုပစ္စည်းများ နဝကမ္မအလှူ ငွေများ လှူဒါန်းကြသည်။

ထို့နောက် နဂါးကိုးကောင် ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရားတော်များ နာယူ ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံး ကြိမ်ရွတ်ဆိုပူဇော်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

# ဦးပွားဘုရားမဟာပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေး၊ ချမ်းမြသာစည်မြို့ နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက် ရှိ ရှေးဟောင်းဦးပွားဆုတောင်း ပြည့်မြတ်စွာဘုရားကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော အသံမစဲ မဟာ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဗုဒ္ဓပူဇ နိယမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန် စိမ်းလောင်းလှူပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီက ဦးပွား ဘုရားပရိဝုဏ်အတွင်း၌ ကျင်းပ ခဲ့သည်။

ရှေးဦးစွာ အခမ်းအနား၌ ဘုရားအမှူးရှိသော ဆရာတော်၊ သံဃာတော် ဂေါပကနာယက ဘုရားဒါယကာဆရာကြီး ဦးတင် မောင်+ဘုရားဒါယိကာမ ဆရာမ ကြီး ဒေါ်ခင်မြမြ(သူရိန်နန်းကိုယ် ပိုင်အထက်တန်းကျောင်း)မိသားစု တို့က နို့စိမ်းခေါက်ဆွဲဆွမ်းဖြင့် လည်းကောင်း၊ နေ့ဆွမ်းအလှူ ရှင် အမတ်ကြီးဦးပွားဆွေတော် မျိုးတော်များကလည်းကောင်း ဆွမ်းကပ်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓပူဇနိယ ဆွမ်း ဆန်စိမ်းများ လောင်းလှူကြမည့် အလှူရှင်များအား သာသနာ ဝိပုလသိမ်တော်ကြီး၌ သက်တော် ရှည် အောင်မြေကျောင်း ဆရာ တော် ဘဒ္ဒန္တဝါယမက ငါးပါးသီလ ချီးမြှင့်ပေးတော်မူပြီး ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ ဒေါနခြံအုဋ္ဌ ကျောင်း မဟာမြတ်မုနိဘုရား ကြီး ဒုတိယရေတော်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိသရ(မဟာဂန္ထဝါစက ကဏ္ဍိတ)မှ ရေစက်ချတရား ချီးမြှင့်ပေးတော်မူပြီး လယ်ဝန် ကျောင်းဆရာတော် ဘဒ္ဒန္တပညာ သီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ) က ကျေးဇူးတင်စကား ချီးမြှင့် ပေးတော်မူကာ ဘုရားဒါယကာ ဆရာကြီး ဦးတင်မောင်က ဗုဒ္ဓ ရုပ်ပွားတော်ကို ပင့်ဆောင်ပြီး ဥက္ကဋ္ဌ ဦးမြင့်ဦးက မြသပိတ်တော် ကိုပင့်ဆောင်ကာ ဂေါပကအဖွဲ့ ဝင်များက ဦးဆောင်၍ ဆွမ်းဆန် စိမ်းများကို လောင်းလှူပူဇော်ကြ သည်။

(အပေါ်ပုံ)

အဆိုပါဆွမ်းလောင်းပွဲသို့ ဦးပွားဘုရားဂေါပကအဖွဲ့နာယက များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး များ၊ ချမ်းမြသီတာ၊ ချမ်းမြသုခ လူမှုကူညီရေးအသင်းဝင်များ၊ ဓမ္မာစကြာအဖွဲ့ သူရိန်နန်းကျောင်း မှ ဆရာ၊ ဆရာမများ၊ ရပ်ကွက် သူ၊ ရပ်ကွက်သားများ၊ အလှူရှင် မိသားစုများက စည်းကားသိုက် မြိုက်စွာ လောင်းလှူပူဇော်ကြ ကြောင်း သိရသည်။

(ဝ၄၆)

# သံဃာ့ဆေးရုံသို့ အလှူငွေ လှူဒါန်း




**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေး၊ ဇီဝိတဒါနသံဃာ့ ဆေးရုံကြီး၊ ကန်တော်ကြီး-ကန် ပတ်လမ်းရှိ ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့၊ ဈေးချို၊ လှထိပ်တင် စတိုင်းပိုင်ရှင် ဦးမြင့်သိန်း(၆၉) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်မှ ဆွမ်း အလှူငွေကျပ် ၁၀ သိန်းကို ယမန်နေ့က လှူဒါန်းရာ ဘဏ္ဍာရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန် လည်ပေးအပ်သည်။ အလှူငွေ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂ ၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(ကဆ)

* - * - * - * - *

* - * - * - * - * - *

# ကောင်းကျိုးချမ်းသာ မင်္ဂလာတွေ ပြည့်ဝကြပါစေ

အပြစ်တစ်စုံတစ်ရာ ကင်းစင်သောအလုပ်၊ ကုသိုလ်များစွာ ရရှိနိုင်သော အလုပ်၊ အများ၏အကျိုးကို သယ်ပိုးရွက်ဆောင်သော အလုပ်နှင့် အကုသိုလ်တို့ကို ပယ်ဖျောက်နိုင်သောအလုပ်များသည် မြင့်မြတ်သည့်အလုပ်များ ဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ မိန့်မှာခဲ့ပါသည်။ ဤတွင် ဗုဒ္ဓမြတ်စွာက အစဉ်ထာဝရ ကုသိုလ်ရရှိစေသော အလုပ်ခြောက်မျိုး ရှိသည်ဟု မိန့်ဟောဖော်ပြဆုံးမထားခဲ့သည်ကို အောက်ပါအတိုင်း မှတ်သားရပါသည်။

ယင်းတို့မှာ (၁) အာရာမ်-ဥယျာဉ်စိုက်ပျိုးခြင်း၊ (၂) နှစ်ရှည်ပင် စိုက်ပျိုးခြင်း၊ (၃) တံတားခင်းခြင်း၊ (၄) ရေအိုးစဉ် တည်ခြင်း၊ (၅) ရေတွင်း၊ ရေကန်တူးဖော်ခြင်း၊ (၆) ဇရပ်၊ တန်ဆောင်း၊ ကျောင်းသခ်ိန်းများ ဆောက်လုပ်လှူဒါန်းခြင်းတို့ ဖြစ်ကြပါသည်။

အထက်ပါ အလုပ်ခြောက်မျိုးတို့အနက် အလုပ်တစ်မျိုးမျိုးကို လုပ်ဆောင်ထားပါက ကောင်းမှုကုသိုလ်များသည် ထာဝရအစဉ် တိုးပွား၍နေပါမည်။ ကုသိုလ်များလည်း ရရှိနေမည်ဖြစ်၍ ယင်းကဲ့သို့သော လုပ်ဆောင်မှုများအားလုံးတို့သည် အပြစ်ကင်းစင်ပြီး မင်္ဂလာရှိသောအလုပ်များ ဖြစ်ကြပေသည်။ မိမိတို့၏လုပ်ဆောင်မှုများသည် တစ်ပါးသူတို့အား ထိခိုက်စေမည်။ တစ်ပါးသူ၏ အကျိုးစီးပွားကို ပျက်ပြားစေမည်။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်စေမည်ဆိုပါက ထိုအလုပ်တို့သည် မကောင်းသည့်အလုပ်၊ မင်္ဂလာမရှိသော 'အမင်္ဂလာ' အလုပ်များသာ ဖြစ်ကြပေမည်။ ထိုကဲ့သို့ လုပ်ဆောင်ခဲ့ပါကလည်း လောကအပြစ်နှင့် သံသရာ အပြစ်တည်းဟူသော အပြစ်နှစ်မျိုးစလုံးကို ရလွယ်ရောက်လွယ် ခံစားရစေလွယ်သည် ဖြစ်ပါသည်။

'အနဝဇ္ဇကမ္မ' အပြစ်ကင်းစင်သော အလုပ်ကို လုပ်ဆောင်ခြင်းသည် 'မင်္ဂလာ'ဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ မိန့်မှာခဲ့ပါသည်။ အပြစ်ကင်းစင်သည့် အလုပ်ဆိုသည်မှာ တစ်ပါးသူတို့ကို ဒုက္ခ မရောက်စေလိုခြင်း၊ တစ်ပါးသူတို့ကို စိတ်မဆင်းရဲစေလိုခြင်း၊ တစ်ပါးသူတို့သည် အစစအရာရာ အဆင်ပြေချောမွေ့စွာ အေးမြ ချမ်းသာပျော်ရွှင်စွာ နေထိုင်ကြစေလိုခြင်း၊ စိတ်ကောင်း နှလုံး ကောင်းများ ထားရှိကြလျက် အများ၏အကျိုးကို သယ်ပိုးရွက် ဆောင်ခြင်း စသည်တို့မှာ ကုသိုလ်ရှိသောအလုပ်၊ 'မင်္ဂလာ' ရှိသော အလုပ်တို့ ဖြစ်ကြပါသည်။

အပြစ်ရှိသော အလုပ်များကို လုပ်ကိုင်နေကြသူများကို အများသူငါတို့ လက်မခံကြပါ။ ထိုအခါ ပြဿနာဆိုသည်မှာ ဖြစ်ပေါ်လာပါတော့သည်။ ပြဿနာရှိလျှင် 'မင်္ဂလာ'ဆိုသည်မှာ မရှိနိုင်တော့ပါ။ 'အမင်္ဂလာ' ဖြစ်လာပါသည်။ သို့ပါ၍ ပြဿနာကို ရှောင်ကျဉ်ကြပါ။ အများသူငါတို့ မနှစ်သက်သော၊ လက်မခံသော အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်နှင့် ကြံစည်တွေးတောမှု ဟူသမျှကို ရှောင်ရှားကြရပါမည်။ အပြစ်ဟူသမျှကို ရှောင်ကျဉ်ကြလျက် အများသူငါတို့၏ ကောင်းကျိုးလိုရာ အဖြာဖြာကို ပြည့်ဝကြစေရန်၊ စိတ်ချမ်းသာကြစေရန်အတွက် လုပ်ကိုင်ကြမည်ဆိုပါက 'မင်္ဂလာ'သည် အချိန်နှင့်အမျှ ရှိနေပါမည်။ မင်္ဂလာအပေါင်း ခညောင်းကြလျက် သုခချမ်းသာ အဖြာဖြာကို ရရှိနေကြမည်သာ ဖြစ်ပါသည်။

ဤတွင် ဗုဒ္ဓမြတ်စွာ ဟောဖော်ပြသော ချမ်းသာခြင်း(၄)မျိုး၊ (သုခချမ်းသာ မင်္ဂလာလေးပါး) ရှိသည်ကို မှတ်မှတ်ထင်ထင် တင်ပြချင်ပါသည်။ ယင်းတို့မှာ-

(၁) အတ္ထိသုခ = ရှိ၍ချမ်းသာခြင်း၊ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝ ပြည့်စုံရ၍ ချမ်းသာခြင်း၊ မတောင့်မတ မကြောင့်မကျ နေထိုင်ရ၍ ချမ်းသာခြင်း။

(၂) ဘောဂသုခ = စားသုံးရ၍ ချမ်းသာခြင်း၊ အစစအရာရာ ပြီးပြည့်စုံကာ အလိုရှိသမျှ စားသုံးနိုင်၍ ချမ်းသာခြင်း။

(၃) အနဏျသုခ = ကြွေးမြီကင်း၍ ချမ်းသာခြင်း၊ လောကအလယ်တွင် ပစ္စုပ္ပန်အကြွေး၊ သံသရာအကြွေးများ ကင်းစင်၍ ချမ်းသာခြင်း။

(၄) အနဝဇ္ဇသုခ = အပြစ်ကင်း၍ ချမ်းသာခြင်း၊ အပြစ်ကင်းစင် ကုသိုလ်ဝင်၍ ချမ်းသာခြင်း။

အထက်ပါ လေးမျိုးတို့အနက် 'အနဝဇ္ဇသုခ'ဖြစ်သော အပြစ်ကင်း၍ ချမ်းသာခြင်းသည် အကောင်းဆုံးနှင့် အမြတ်ဆုံးသော သုခချမ်းသာ ဖြစ်သည်ဟု မြတ်ဗုဒ္ဓက မိန့်မှာခဲ့ပါသည်။ သို့ပါ၍ အပြစ်တစ်စုံတစ်ရာကို မပြုလုပ်ကြဘဲ အပြစ်ကင်းစင်သောအလုပ်၊ ကုသိုလ်အလုပ်များသည် ယခုဘဝတွင်သာမက နောင်သံသရာ ဘဝဆက်တိုင်းဆက်တိုင်းထိတိုင်အောင် ချမ်းသာသုခ မှန်သမျှကို ရရှိစေမည်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သော ထာဝရကုသိုလ်ရသော အလုပ်(၆)မျိုးတို့အနက် 'ဥယျာဉ်စိုက်ပျိုးခြင်း၊ နှစ်ရှည်ပင်စိုက်ပျိုးခြင်း'ဟူ၍ နှစ်မျိုးရှိပေရာ မည်ကဲ့သို့သော အပင်မျိုးဖြစ်၍နေပါစေ လူသားတို့အား အမှန်တကယ် အကျိုးပြုမည်သာ ဖြစ်ပါသည်။ ဥယျာဉ်ခြံမြေများ၊ စားသုံးပင်များ၊ သစ်သီးဝလံများ စိုက်ပျိုးခြင်း၊ နှစ်ရှည်ပင်များ အရိပ်ရပင်များ စိုက်ပျိုးခြင်း စသည်များသည် လူသားတို့အတွက် နေ့စဉ်လိုအပ်နေသော အာဟာရ၊ ခိုနားရန် အရိပ်အာဝါသ၊ မျှတသည့် ဥတုရာသီ၊ အေးမြသည့် သဘာဝ ပတ်ဝန်းကျင်တို့ကို ပေးအပ်နေပါသည်။

မိုးရာသီ၏အစ ဇူလိုင်လနှင့် ဩဂုတ်လများတွင် နိုင်ငံနှင့်အဝန်း သစ်ပင်စိုက်ပွဲတော်များ ကျင်းပကြသည်။ အရိပ်ရပင်များနှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။ ဤသည်မှာ မြတ်ဗုဒ္ဓ အလိုကျအတိုင်း စိုက်ပျိုးကြသည်ဟု သတ်မှတ်ရပါသည်။ စိုက်ပျိုးခြင်းသည် မွန်မြတ်သောကုသိုလ်အလုပ်ဖြစ်၍ မင်္ဂလာတစ်ပါး ဖြစ်ပေသည်။ **'ဥတုရာသီ တောကိုမှီ၏။ သစ်တောသစ်ပင် ထိန်းသိမ်းလျှင် ဝန်းကျင်သာစွ ကုသိုလ်ရ၏။ တိုက်တာအဆင့်ဆင့် မိုးထိမြင့်လည်း၊ ပန်းနှင့်သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏'** ဟူသည့် စကားကိုလည်း မှတ်သားရပါမည်။

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင် တစ်ခုလုံး၏ ဂေဟစနစ်ကို ထိန်းညှိပေးသည်။ ဥတုရာသီကို မျှတစေပါသည်။ မိုးရွာသွန်းမှု၊ အပူချိန်မြင့်တက်မှု၊ မြေဆီလွှာဆုံးရှုံးမှု၊ မြေပြိုမှု၊ တောင်ပြိုမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ မြေအောက်ရေလွှာပြင် နိမ့်ဆင်းမှု၊ စိမ့်စမ်းရေများ ခန်းခြောက်မှု စသည်များကို သစ်တောသစ်ပင်တို့က ထိန်းထားပေးပါသည်။ လူသားများနှင့် သဘာဝပတ်ဝန်းကျင်ကို သဟဇာတ မျှမျှတတ ရှိစေပါသည်။

ဤကဲ့သို့သော မျှတသည့် ဂေဟစနစ်ရှိနေခြင်းသည် သက်ရှိများ၏ သက်ရှင်ရပ်တည်မှု၊ လူမှုစီးပွားစသည်များ ဖွံ့ဖြိုးတိုးတက်မှု၊ သစ်တောသယံဇာတ၊ ရေသယံဇာတ၊ မြေသယံဇာတများ ပေါကြွယ်ဝမှုကို ဖြစ်စေပါသည်။ တစ်နည်းအားဖြင့် လူသားအားလုံးကို အကျိုးပြုစေသောလုပ်ရပ်၊ ကောင်းမြတ်သောအလုပ်၊ မင်္ဂလာရှိသောလုပ်ရပ်တစ်ခုဖြစ်သည့် သစ်ပင်စိုက်ပျိုးခြင်းသည် ယနေ့ကမ္ဘာတွင် မရှိမဖြစ် လိုအပ်နေပါသည်။ လူသားအားလုံးက ပူးပေါင်းပါဝင် လုပ်ဆောင်ကြရပါမည်။

အများပြည်သူတို့က သစ်တောသစ်ပင်များကို ချစ်ခင်လာကြစေရန် အထူးလိုအပ်ပါသည်။ သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများကိုလည်း နားလည်သဘောပေါက်စေရန် လိုအပ်ပါသည်။ မိုးရာသီတွင် သစ်ပင်စိုက်ပျိုးခြင်း၊ လူထုလှုပ်ရှားမှု တစ်ခုအဖြစ် ဇူလိုင်လတွင် သစ်ပင်စိုက်ပျိုးခြင်း၊ 'စိုက်ကြပျိုးကြ ဇူလိုင်လ' ဟူ၍ အားမာန်ဝင့်ချီ ကြွေးကြော်သံ ညီညီညာညာဖြင့် နိုင်ငံတစ်ဝန်း မြေလွတ်မြေရိုင်းများကို ချန်လှပ်မထားဘဲ သစ်ပင် စိုက်ပျိုးကြရန် ဖြစ်ပါသည်။ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးအပြစ်များကို ပြည်သူသို့ ပညာပေးရပါမည်။

ပြည်သူ့အကျိုးပြု သစ်ပင်စိုက်ပျိုးခြင်းသည် အောက်ပါ ရည်ရွယ်ချက်များဖြင့် လုပ်ကိုင်ရခြင်းဖြစ်သည်ကို ပြည်သူအများ သိရှိကြစေလိုပါသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ပေးရန်။

၂။ တစ်နိုင်ငံလုံး၏ သစ်တောဖုံးလွှမ်းမှု ဧရိယာများ ပိုမိုများပြားလာစေရန်

၃။ သဘာဝဂေဟစနစ်ကို မပျက်စီးစေရေး ထိန်းညှိပေးရန်

၄။ မြေဆီလွှာများ ပျက်စီးပြုန်းတီးမှုကို ကာကွယ်ပေးရန်

၅။ တောင်ပြို၊ မြေပြိုခြင်းများမှ တားဆီးကာကွယ်ပေးရန်

၆။ ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဒီရေဝင်ရောက်မှုကို တားဆီးရန်

၇။ ဆားငန်ရေများ ဖုံးလွှမ်းမှုကို ကာကွယ်ပေးရန်

၈။ ကျေးရွာသုံး ထင်းတောကြီးများ ထာဝရ ရှင်သန်နေစေရန် ---- တို့ဖြစ်ကြသည်။

သို့ပါ၍ ရောက်လာတစ်ခဏ လူ့ဘဝတွင် ကျင်လည်နေကြသူများသည် အများအတွက် အကျိုးရှိသော ကောင်းကျိုးမင်္ဂလာအဖြာဖြာကို ပေးအပ်နေသောအလုပ်များကို စဉ်ဆက်မပြတ် လုပ်ဆောင်ကြရပါမည်။ စိတ်ကောင်း၊ နှလုံးကောင်းများကို ရင်မှာထားရှိကြလျက် အတ္တပရ မျှမျှတတ လုပ်ဆောင်ကြရပါမည်။ ဗုဒ္ဓမြတ်စွာ မိန့်မှာခဲ့သော ထာဝရကုသိုလ် ရရှိစေသည့် အလုပ်(၆)မျိုးကို မိမိတို့ တတ်နိုင်သမျှ ဆောင်ရွက်ကြလျက် ဤလောကကို အလှဆင်ကြပါ။ ကောင်းကျိုးမင်္ဂလာအဖြာဖြာကို ရရှိကြပါစေဟု ဆုမွန်ချွေကာ ရေးသားလိုက်ရပါသည်။

**ငါးပါးရန်သူ မတွေ့မှု၍**
**ဖြူစင်စိတ်ထား ရင်ဝယ်ထားကာ**
**သာယာလှပ လူ့ဘဝကို**
**အေးမြချမ်းသာ မင်္ဂလာနှင့်**
**တင့်တယ်လှပ ဖြစ်ကြပါစေ**
**မေတ္တာချွေကာ တင်ပြပါသည်**
**ဤမြေကမ္ဘာ ဤလူ့ရွာ**
**သာသာယာယာ ရှိပါစေ။**

**ကိုကိုပံသု (ပစ္စက္ကူတက္ကသိုလ်)**

# ဟုမ္မလင်းမြို့နယ် ဆန်ကျိန်းကျေးရွာ ကွန်ကရစ်လမ်း တည်ဆောက်

**စစ်ကိုင်း နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ဆန်ကျိန်းကျေးရွာ ကွန်ကရစ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်၊ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည်။

"ဟုမ္မလင်းမြို့နယ်၊ ဆန်ကျိန်းကျေးရွာကွန်ကရစ်လမ်း တည်ဆောက်တာ ၈၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါတယ်။ အလျား ၃၅၀ ပေ၊ အနံ ၈ပေ၊ အမြင့် ဝပေ ဒဿမ၆လက်မရှိ ကွန်ကရစ်လမ်းကို ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒဿမ ၀၀ သန်း၊ ပြည်သူထည့်ဝင်ငွေ ၁ဒဿမ ၀၄သန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်ဟု" ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆန်းကျိန်းကျေးရွာ ကွန်ကရစ်လမ်း တည်ဆောက်ပြီးစီးပါက ကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်ပြီး၊ ရဟန်းရှင်လူပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၃၉၄)





# အသိပညာပေး Talk Show ဆောင်ရွက်

**သရက် နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် Book Club အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့်နိုင်ငံသားစိတ်ဓာတ် အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Commnuty Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် Book Club အဖွဲ့ဝင် ဦးမြင့်ဆွေ ပညာရေး(ငြိမ်း)နှင့် Book Club အဖွဲ့ဝင် ကဗျာဆရာ မောင်မင်းသိမ်း(သရက် )တို့က နိုင်ငံကြီးသားစိတ်ဓာတ်ဆိုတာ ဘာလဲ၊ လူငယ်တွေနဲ့ နိုင်ငံကြီးသားစိတ်ဓာတ်ဘယ်လိုဆက်စပ်နေသလဲ၊ လူငယ်တွေကို နိုင်ငံကြီးသားစိတ်ဓါတ် ပြနေဖို့အတွက် ဘယ်လိုအသိပေးခြင်း ပညာပေးခြင်းမျိုး ပြုလုပ်မလဲနှင့်လူငယ်တွေဟာ ဘာကြောင့်စည်းကမ်းကို ဖောက်ဖျက်ချင်ရတာလဲ တို့ကို ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

(အောက်ပုံ)

စော်ထက်(သရက်)




သစ်တော
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက်ရှိ

**ကံမ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၀နာရီက ပုညိကျေးရွာအုပ်စုမှ တောင်သူ ၂၉ဦးတို့၏ စိုက်ဧက ၉၁ဧကအတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကိုထုတ်ချေးပေးပြီး မြို့နယ်မန်နေဂျာ ဒေါ်မေလပ်ဝင်းက ဘဏ်အဖွဲ့ဝင်တောင်သူများ လိုက်နာရမည့် စည်းကမ်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထိုသို့ထုတ်ပေးရာတွင် ငွေကျပ် သိန်းပေါင်း ၅၅၀၀ သိန်း ထုတ်ချေးပေးရန် လျာထားပြီး မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဘိုကိတ် အစရှိသည့်စိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းကျပ်နှုန်း ယနေ့အထိ ကျေးရွာအုပ်စု ၃အုပ်စုမှ တောင်သူ ၁၃၆ဦး၏ စိုက်ဧက ၄၇၃ဧကအတွက် ငွေကျပ် ၄၇၃ သိန်းအား ထုတ်ချေးပေးပြီးဖြစ်ပြီး ကျန်ရှိနေသောကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ဆက်လက်၍ ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

(အပေါ်ဝဲပုံ)

ကျော်ဇေယျဝင်း(ကံမ)

# မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ အောင်မြင်စွာ ထုတ်ချေးပြီးစီးပြီဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက၂၀၂၄ -၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွက် ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရမည့် ဒေသခံတောင်သူများကို အောက်တိုဘာ ၃၁ ရက်တွင် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ အောင်မြင်စွာထုတ်ချေးဆောင်ရွက်ပြီးစီးခဲ့ကြောင်း အဆိုပါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးအေးမင်းနိုင်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ယခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးမှုအနေဖြင့် ကျေးရွာအုပ်စု ၅၀အုပ်စုမှ ဒေသခံတောင်သူများကို မိုးစပါးနှင့် အခြားမိုးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မေလ၂၀ရက်မှ စတင်၍ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ ချေးငွေများထုတ်ချေးပေးရာတွင် မြို့နယ်ဘဏ်မန်နေဂျာ ဦးအေးမင်းနိုင်က တောင်သူများသိရှိနိုင်ရန် သီးနှံအလိုက် ချေးငွေထုတ်ချေးပေးမှု နှုန်းထားများနှင့် ချေးငွေပေးဆပ်ရမည့်ကာလတွင် အချိန်မှီပေးဆပ်နိုင်ရေးအတွက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အသိပေးရှင်းလင်း ဆွေးနွေးပြောကြားပြီး ချေးငွေများကို တောင်သူတစ်ဦးချင်းစီ လက်ဝယ်အရောက် စနစ်တကျထုတ်ချေးဆောင်ရွက်ပေးခဲ့သည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်းကို ကျေးရွာအုပ်စု ၅၀အုပ်စုရှိ တောင်သူဦးရေ စုစုပေါင်း ၇၂၆၈ ဦးအား စပါးသီးနှံ ၃၂၀၇၈ ဧကနှင့် အခြားသီးနှံ ၂၁၅၈ ဧက၊ စုစုပေါင်း မိုးသီးနှံ ၃၄၂၃၆ ဧက အတွက် စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်း ငွေကျပ် ၅၀၂၇၅သိန်းကို အောက်တိုဘာ၃၁ရက်တွင် အောင်မြင်စွာထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# စာပတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် အင်္ဂလိပ်စာပတ်စွမ်းရည် ပြိုင်ပွဲကျင်းပ

**နတ်မောက် နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာန(Community Cen tre) ဘက်စုံသုံးခန်းမတွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပညာရေးဌာနနှင့်ပူးပေါင်း၍ ယနေ့ နံနက် ၉နာရီအချိန်က မူလတန်းအဆင့် အင်္ဂလိပ်စာဖတ် စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ရေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူများအား အင်္ဂလိပ်စာအခြေခံအားနည်းသူများ ပြားသည့်အတွက် အခြေခံအဆင့်မှစ၍ အင်္ဂလိပ်စာ အရေးအဖတ် အားကောင်းစေရန်၊ လူငယ်၊ လူရွယ်များ အာရုံစူးစမ်းလေ့လာမှုနှင့် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်၊ စိတ်လက်ပေါ့ပါးပျော်ရွှင်စေရန်၊ အစုအဖွဲ့အတွင်း ပူးပေါင်းပါဝင်တတ်စေရန်၊ အလေ့အကျင့်ကောင်းမှ အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများကျင်းပရခြင်းဖြစ်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရာတွင် မူလတန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၇ဦးမှ မိမိတို့နှစ်သက်သည့်ခေါင်းစဉ်များဖြင့် အင်္ဂလိပ်စာဖတ်စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအားမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဆရာ၊ ဆရာမများကဆုများအသီးသီး ချီးမြှင့်ပေးခဲ့သည်။

(အောက်ပုံ)

(၄၆၅)



## ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ်ကောက်ယူရှင်းလင်းလျက်ရှိ

**ညောင်ဦး နိုဝင်ဘာ ၁၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ်ပလတ်စတစ်ကောက်ယူရှင်းလင်းလျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ကာ ပလတ် စတစ်အမှိုက်များ သီးသန့်ကောက်ယူခြင်းကို ယမန်နေ့နံနက် ၇ နာရီက ဆာကူရာမီးပွိုင့်မှစတင်၍ ပုဂံမြို့သစ်သွားကားလမ်းမှ စိမ်းညက်ညီမဘုရားအထိ ဘေး ဝဲ၊ ယာတစ်လျှောက် ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများ ကောက်ယူသန့်ရှင်းရေး ပြုလုပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား၊ အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသား၊ အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်း (ပုဂံဇုန်)မှ ဝန်ထမ်းများသည် ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း ဆာကူရာလမ်းဆုံမှ စိမ်းညက်ညီမဘုရားအထိ လမ်းဘေး ဝဲ၊ ယာတစ်လျှောက်နှင့်ရေကျော်များအောက် လျှိုမြောင်များအတွင်းမှ ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများ ကောက်ယူရှင်းလင်းခြင်းအား ပလတ်စတစ်အမှိုက်ကင်းစင်ရေး လိုက်လံကောက်ယူခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(၄၈၁)



## စုပေါင်းမဟာဘုံကထိန်အလှူပွဲ ကျင်းပ

**ကံမ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ အမှတ် (၂) ရပ်ကွက်၊ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၈ နာရီက ကျင်းပရာ ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံအရာရှိများနှင့် ဝန်ထမ်းများ၊ ကံမမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါစုပေါင်းမဟာဘုံကထိန်ပွဲတွင် ဆရာတော် သံဃာတော်များအား ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များနှင့် အလှူငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (မူလဒွါရ) တောင်စကိုင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် သဒ္ဒမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**

## ခရိုင်အဆင့် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၂/၂၀၂၄) ဖွင့်လှစ်သင်ကြား

**ပခုက္ကူ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထု အခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ နိုဝင်ဘာ ၁၃ရက် နံနက်၉နာရီက ခရိုင်အဆင့်အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၂/၂၀၂၄) ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက ရုံးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းရှိ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အားကိုးအားထားပြုရာ စာကြည့်တိုက်ဖြစ်ရေး၊ စာဖတ်ပရိသတ်များအား ဆွဲဆောင်စည်းရုံးနိုင်မည့် စာအုပ်စာစောင်များနှင့် ဝန်ဆောင်မှုကောင်းများထားရှိရေးနှင့်စာငှား၊ စာဖတ်များဖြင့် နေ့စဉ်လှုပ်ရှားဆောင်ရွက်နိုင်ရေးတို့အတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်ရုံးများမှ ဦးစီးအရာရှိနှင့်ဒုတိယ ဦးစီးမှူး (စာကြည့်တိုက်တာဝန်ခံ)များက ရုံးစာကြည့်တိုက်ရှိ စာအုပ်စာစောင်များ စနစ်တကျသိမ်းဆည်းနည်း၊ မျိုးတူစုပြုနည်း၊ ကတ်တလောက်လုပ်ငန်း၊ အက္ခရာစဉ်နည်း၊ စာစု၊ စာပြုလုပ်ငန်း၊ ရည်ညွှန်းအမျိုးအစားနှင့်ရည်ညွှန်းလုပ်ငန်းများ၊ စာငှားစနစ်၊ DLMS စာရင်းရေးသွင်းနည်း၊ စာကြည့်တိုက် ပုံမှန်စစ်ဆေးခြင်း၊ ပျောက်ဆုံး၊ ပျက်စီးစာအုပ်များ အစားထိုးခြင်းနှင့် စာရင်းမှ ပယ်ဖျက်ခြင်းဆိုင်ရာလုပ်ငန်းများကို စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ပခုက္ကူခရိုင်နှင့် မြို့နယ်ရုံးများမှဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ) (၃၄၀)**





## နယ်လှည့်ဆေးကုသရေးဆောင်ရွက်ရန်နှင့် ရေဘေးပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် ငွေလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှဆောင်ရွက်လျက်ရှိသော ရေဘေးသင့်ဒေသတွင် နယ်လှည့်ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်ရန် နိုဝင်ဘာ ၁၃ရက်က Irrawaddy Green Towers Limited မှ ငွေကျပ်သိန်း ၅၀ကိုလည်းကောင်း၊ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းအောင်၊ အတွင်းရေးမှူးဦးကျော်ကျော်နှင့် ရုံးအဖွဲ့မှလက်ခံရယူပြီး ဂုဏ်ပြုမှတ်လွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၄၅)**

## ဖူးစားပြောင်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးအောင်မြင်

**မင်းဘူး နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ ကျေးရွာများတွင် ဖူးစားပြောင်းစိုက်တောင်သူများသည် ယခုနှစ်တွင် ဧက ၂၁၀၀ စိုက်ပျိုးထားကာ အောင်မြင်ဖြစ်ထွန်းပြီး ပြောင်းဖူးဈေးကောင်းသောကြောင့် တွက်ချေကိုက်ကာ အဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

ဖူးစားပြောင်းများစိုက်ပျိုးရာတွင် အစိုဓာတ်ကောင်းစွာရရှိရန်လိုအပ်သည်။ နွေနှင့်ဆောင်းရာသီများ စိုက်ပျိုးလျှင် ရေသွင်း၍ မြေအစိုဓာတ်ရေလုံလောက်စွာရရှိရန် ပြုလုပ်ပေးရသည်။ စိုက်ပျိုးပြီး အပင်များကြီးထွား၍ ဝတ်ဆံတည်ချိန်တွင် အပင်များအား ထိခိုက်ပြီး ဝတ်ဆံကြွေလွင့်မသွားအောင် ဂရုစိုက်ပေးရသည်။ ဝတ်ဆံများပျက်စီးပြီး ကြွေကျသွားပါက ပြောင်းဖူးစေ့အောင်မြင်မှု လျော့ကျသွားနိုင်သောကြောင့် ဖြစ်သည်။

ဖူးစားပြောင်းများကို စိုက်ပျိုးပြီး နှစ်လအကြာတွင် ဖူးစပြုပြီး သုံးလအတွင်းခူတ်၍ ရောင်းချနိုင်သည်။ မင်းဘူးမြို့၏ လက်ရှိပြောင်းဖူးဈေးနှုန်းများမှာ လက်လီဈေး တစ်ဖူးလျှင် ငွေကျပ် ၇၀၀၊ လက်ကားဈေး ငွေကျပ် ၅၀၀ ဈေးဖြင့် ရောင်းချနေကြသည်။ ပြောင်းဖူးပင်များကို စနစ်တကျ စိုက်ပျိုးထားပါက ပြောင်းဖူးအထွက်နှုန်းများ ပို၍ကောင်းစေသည်။ ဖူးစားပြောင်းများကို ပြောင်းကြမ်း၊ သကြားပြောင်း၊ ပြောင်းစေးဟူ၍ သုံးမျိုးရှိပြီး ပြောင်းကြမ်းမှာ တိရစ္ဆာန်များအတွက်သာ အသုံးပြုစိုက်ပျိုးကြသည်။

ပြောင်းဖူးများ စိုက်ပျိုးရာတွင် ကြဲပက်ခြင်း၊ အတန်းလိုက် အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်းလိုက် အစေ့ချ၍ စနစ်တကျ စိုက်ပျိုးခြင်းဖြင့် ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းများ ပြုလုပ်ပေးနိုင်သည့်အတွက် ပြောင်းဖူးပင်များပို၍ ရှင်သန်ကြီးထွားပြီး အဖူးများကိုလည်း ချောစေသည်။ ပြောင်းဖူးပင်များမှာ တစ်ဧက အပင်ရေ တစ်သောင်းဝန်းကျင်ရှိပြီး တစ်ပင်ကို သုံးဖူး၊ လေးဖူးအထိဖူးကာ ပြောင်းစိုက်ပျိုးသူများမှာ ဝင်ငွေကောင်းကာ အဆင်ပြေနေကြကြောင်း မင်းဘူး(စကု)မြို့နယ် ဖူးစားပြောင်း စိုက်ပျိုးသူများထံမှ သိရသည်။ **(အောက်ပုံ) (၅၀၄)**



## တတိယအကြိမ် စပေါင်းမဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်း



**အောင်လံ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ စပေါင်းမဟာဘုံကထိန် သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ သီတဂူဓောတိက စာသင်တိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အောင်လံမြို့ သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဓောတိက ဝိနယဝိဒူ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သံဃသမဂ္ဂီယ သံဃာ့ကိုယ်စားလှယ်၊ မကွေးတိုင်းဒေသကြီး တိုင်းဝန်ဆောင်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မြို့နယ်သံဃနာယကအဖွဲ့ အထွေထွေအသုံးစရိတ် အလှူငွေကျပ် ၁၈၄၁၉၀၀၀ သိန်းအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပင့်သံဃာဆရာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ပင့်သံဃာဆရာတော်များမှ ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူခဲ့သည်။ ဆက်လက်၍ မြို့နယ် ကထိန်အနုမောဒနာတရားနာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**အာကာ(ပြန်/ဆက်)**



## နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နိုင်ရေး အလှူငွေဆက်ကပ်လှူဒါန်း

**မိုင်းယောင်း နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နိုင်ရေးအတွက် နိုဝင်ဘာ ၁၃ ရက်တွင် မလေးရှားရောက် မြန်မာအလုပ်သမားများက အလှူငွေ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

မိုင်းယောင်းမြို့နယ် ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်လျက်ရှိရာ မလေးရှားရောက် မြန်မာအလုပ်သမားများ စုပေါင်းလှူဒါန်းသည့် ထိုင်းဘတ်ငွေ ၁၃၀၀၀၀ ကို ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၏ ပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဘဒ္ဒိယမဟာထေရ်ထံ မိုင်းယောင်းမြို့၊ ဟောင်ကြန့်ကျေးရွာအုပ်စု၊ ရဲဘောဟောင်းကျေးရွာနေ ဒေါ်အီစီဖောင်းက ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နန်းစီဖောင်း(ပြန်/ဆက်)**

## ဆေးပဒေသာပင်အတွက် အလှူငွေများ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၈**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင် ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ် ၆၂လမ်းနှင့်၁၄လမ်းထောင့်ရှိ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြသည့် ရဟန်းသံဃာတော်များအတွက် အလှူရှင်ဖခင်ကြီး ဦးခင်မောင်လတ်(၃၁)နှစ်ပြည့်နှင့် မိခင်ကြီး ဒေါ်ရင်မြင့်(၁၀)နှစ်ပြည့် တို့အား ရည်စူး၍ (သမီး)ဒေါ်အေးအေးချို(ရတနာပုံတက္ကသိုလ်)က ဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းကို ယမန်နေ့နံနက်ပိုင်းက ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူခဲ့ပြီး သာဓုအနုမောဒနာခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင်လည်းကောင်း၊ ဖုန်း ၀၉-၈၄၂၉၅၃၀၈၂ သို့ ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**



## ထောပတ်ပဲသီးနှံ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲသီးနှံ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် ထောပတ်ပဲသီးနှံ ၇၇၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက လျာထား စိုက်ဧကပြည့်မီစေရန် ယခုနှစ် အောက်တိုဘာဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ထောပတ်ပဲ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားနပ်ရိက္ခာ ဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် ရည်ရွယ်ပြီး ထောပတ်ပဲသီးနှံ ၇၇၃၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီစေဖို့နဲ့ သီးနှံအထွက်နှုန်းကောင်းမွန်စေဖို့အတွက် တောင်သူတွေကိုလည်း ထောပတ်ပဲသီးနှံ စိုက်ပျိုးခြင်းနဲ့ပတ်သက်ပြီး မြေမှန်၊ မျိုးမှန် စနစ်တကျ စိုက်ပျိုးကြဖို့၊ သွင်းအားစုပစ္စည်းများ ဂရုတစိုက်သုံးစွဲကြဖို့၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းများကို ကြိုတင်ဆောင်ရွက်ကြဖို့ စတဲ့ တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကအကျဆုံးက သီးနှံအရည်အသွေး ကောင်းမွန်ရေး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ GAP စနစ်နဲ့ စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရာ၌ သဘာဝပိုးသတ်ဆေး ထုတ်လုပ်အသုံးပြုခြင်း၊ အချိန်မီ ရိတ်သိမ်းခြင်း စတဲ့နည်းစနစ်များကို စနစ်တကျ လိုက်နာဆောင်ရွက်မယ်ဆိုရင် အောင်မြင်ဖြစ်ထွန်းမှုရှိပြီး သီးနှံအထွက်နှုန်းလည်း ကောင်းမွန်စေမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲသီးနှံ ၇၇၃၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ သတ်မှတ်စိုက်ဧက ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေးအတွက် ဒေသခံတောင်သူများက ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး တချို့တောင်သူများသည် ထောပတ်ပဲသီးနှံစိုက်ပျိုးခြင်းကို သီးနှံအပိုဝင်ငွေရရှိစေရန် သီးထပ်သီးညှပ်အဖြစ် ဖူးစားပြောင်းသီးနှံများနှင့် ရောနှောစိုက်ပျိုးကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**

## ကင်ပွန်းချဉ်စိုက်ပျိုးခြင်းဖြင့် မိသားစုစားသုံးရန်နှင့် အပိုဝင်ငွေရရှိ

**မကွေး နိုဝင်ဘာ ၁၈**

အညာဒေသ၌ ကင်ပွန်းချဉ်ပင်ကို ခြံစည်းရိုးအကာအဖြစ်လည်းကောင်း၊ အပြင်က ဝယ်စားစရာမလိုသည့်အပြင် မိသားစုစားသုံးရန်နှင့် ကုန်စိမ်းအဖြစ် အပိုဝင်ငွေရစေရန် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်က ဒေသခံများထံကသိရသည်။

ကင်ပွန်းပင်ကို စိုက်ပျိုးရာတွင် အစီစိမြေအောက်ရေဖြင့် ပျိုးပင်ပေါက်ကို ပျိုးခြံများက ဝယ်ယူပြီး စိုက်ပျိုးကြရာ ရေမြေအနေအထားပေါ်မူတည်ပြီး သုံးနှစ်သားအရွယ်၌ ကင်ပွန်းပင်မှ အညွန့်များကို ခူးဆွတ်နိုင်ကာ အညွန့်ငါးခုပါ တစ်စည်းကနေ အညွန့်သေးလျှင် ၇ခုပါ တစ်စည်းနှုန်းဖြင့် ကုန်စိမ်းရောင်းချရကြောင်း ချောက်ခရိုင်၊ ရေနံချောင်းမြို့ရှိ တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူတစ်ဦးထံက သိရသည်။

ဟင်းသီးဟင်းရွက်များတွင် ကင်ပွန်းချဉ်သည် အသား၊ငါးများဖြင့် ချက်ပြုတ်၍လည်းကောင်း၊ ကင်ပွန်းချဉ်ကို ဆေးဘက်ဝင်ဓာတ်ဆားအဖြစ် စားသုံးကြသည်ကို တွေ့ရသည်။



ကင်ပွန်းချဉ်တစ်စည်းလျှင် ငွေကျပ် ၂၅၀မှ အစည်းအနေအထားကြီးလျှင် ငွေကျပ် ၃၅၀၊ ၄၀၀ အတွင်း ရောင်းရကြောင်း ရေနံချောင်းမြို့ ဟင်းသီးဟင်းရွက်ရောင်းသူများထံက သိရသည်။

**(ဝဲပုံ)**

**(၄၇၂)**

*-*-*-*-*







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။

☆ ရှေ့ဖုံးမှ

ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

**ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများ ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာ ကျောက်စိမ်း ခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ **စာမျက်နှာ ၃ သို့ ☆**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



**ကျောက်စိမ်းအတွဲများ ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

## မြန်မာ-လက်ဘနွန် နိုင်ငံတကာခြေစမ်းပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာ့လက်ရွေးစင်အသင်းနှင့် လက်ဘနွန်လက်ရွေးစင်အသင်းတို့၏ FIFA International "A" Friendly Match နိုင်ငံတကာ ခြေစမ်းပွဲစဉ်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

**ဦးမျိုးလှိုင်ဝင်း(နည်းပြချုပ်၊ မြန်မာ့လက်ရွေးစင်အသင်း)**

"ပြိုင်ဘက် လက်ဘနွန်က ဒီကိုမလာခင် ထိုင်းအသင်းနဲ့ ခြေစမ်းခဲ့ပြီး ဂိုးမရှိသရေကျထားပါတယ်။ အဲ့ဒီပွဲကို ကျွန်တော်တို့ Video Analysis သေချာလုပ်ကြည့်ပြီးတော့ နည်းစနစ်ပိုင်း ပြင်ဆင်ထားပါတယ်။ လက်ဘနွန်က အရပ်အမောင်းမြင့်မားပြီး ကြံ့ခိုင်မှုလည်းကောင်းတယ်။ သူတို့နဲ့ ခြေစမ်းရတာ ကျွန်တော်တို့အတွက် အများကြီး အကျိုးရှိပါတယ်။ အာဆီယံချန်ပီယံရှစ် ပွဲဦးထွက်မှာ အင်ဒိုနဲ့ တွေ့ရမှာဆိုတော့ သူတို့နဲ့ ခြေစမ်းသိပ်မကွာတဲ့ လက်ဘနွန်အသင်းနဲ့ ခြေစမ်းရတာ အာဆီယံချန်ပီယံရှစ်အတွက် ကောင်းမွန်တဲ့ ပြင်ဆင်မှုပါ။ အသင်းမှာ ဒဏ်ရာရ ကစားသမားတချို့ ရှိနေသေးပေမယ့် ပွဲထွက်ကစားနိုင်မယ့် ကစားသမားတွေအားလုံး မနက်ဖြန်မှာ ရလဒ်ကောင်းတစ်ခုရအောင်လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

**ရာဒူလိုဗစ်(နည်းပြချုပ်၊ လက်ဘနွန်လက်ရွေးစင်အသင်း)**

"မနက်ဖြန် ခြေစမ်းပွဲက ပွဲကောင်းတစ်ပွဲဖြစ်ပြီး ပရိသတ် ကျေနပ်အားရမှာပါ။ ခြေစမ်းပွဲဖြစ်မြောက်ဖို့ စီစဉ်ပေးသူတွေကို ကျေးဇူးတင်ပါတယ်။ ပြီးခဲ့တဲ့ ငါးနှစ်ဝန်းကျင်မှာ မြန်မာအသင်းနဲ့အတူရှိနေခဲ့တာတွေကလည်း အမှတ်ရစရာပါ။ မြန်မာအသင်းက ကျွန်တော် တာဝန်ယူခဲ့စဉ်နဲ့ ကွာခြားသွားပါပြီ။ ပြည်ပထွက် ကစားနေသူတွေ များလာပြီး အသင်းက ပိုတောင့်တင်းလာပါတယ်။ ကျွန်တော်တို့အသင်းမှာ လူငယ်ကစားသမားတွေပါနေလို့ မနက်ဖြန် ခြေစမ်းပွဲက သူတို့စွမ်းဆောင်မှုကို အကဲဖြတ်နိုင်မှာပါ"ဟု ပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် လက်ဘနွန်လက်ရွေးစင်အသင်းတို့သည် နိုဝင်ဘာ ၁၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်းအတွင်း FIFA International "A" Friendly Match ပွဲစဉ်အဖြစ် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**(NGB)**


**ယနေ့ ဖတ်စရာ အညွှန်း**

ကွမ်ဒါအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စိတ်ဝင်စား — စာမျက်နှာ ၁၁

ပုဂံခေတ် ပိသုကာဆိုင်ရာကျွမ်းကျင်မှုနှင့် တိုးတက်ကောင်းမွန်သော တည်ဆောက်မှုကို လေ့လာနိုင် — စာမျက်နှာ ၁၄